# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၀)ရက် ၊ စနေနေ့ ၊ (19-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# အာဇာနည်ခေါင်းဆောင်များ၏ လက်ဆင့်ကမ်းအမွေတည်တံ့စေရေး

ယနေ့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏ အစဉ်အောက်မေ့ လွမ်းဆွတ်ဖွယ်နေ့ရက်တစ်ရက်ဖြစ်သော အာဇာနည်နေ့ပင်ဖြစ်ပါသည်။ ကိုလိုနီတို့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်မျှ နေထိုင်ခဲ့ပြီးနောက် တောင်ပေါ်မြေပြန့်အတူအကွ ပေါင်းစည်းကာ လွတ်လပ်ရေး၏ အသီးအပွင့်များ ဖူးပွင့်ခါနီးအချိန်အခါတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသဖြင့် တစ်မျိုးသားလုံး ယူကျုံးမရ ဝမ်းနည်းခဲ့ကြရသည့်နေ့ဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ အစည်းအဝေးကျင်းပနေချိန်တွင် နယ်ချဲ့လက်ပါးစေ မသမာသူလက်နက်ကိုင်လူတစ်စုက စက်သေနတ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ မန်းဘခိုင်၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ ကြွေလွင့်ခဲ့ကြရသည်။ ထိုနေ့တွင် မိုးတဖွဲဖွဲရွာသွန်းခဲ့သကဲ့သို့ ပြည်သူတစ်ရပ်လုံးလည်း ယူကျုံးမရဝမ်းနည်းပူဆွေးကာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသော နေ့တစ်နေ့လည်းဖြစ်ပေသည်။

နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အသက်ပေးလှူသွားခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ဇူလိုင် ၁၉ ရက်ရောက်တိုင်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်း၊ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုခြင်း၊ ဂါရဝပြုခြင်း၊ မေတ္တာပို့သအမျှဝေခြင်းများကို အခမ်းအနားများဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ကြသည်မှာ ယခုနှစ်တွင် ၇၈ နှစ် တင်းတင်းပြည့်ပြီဖြစ်ပေသည်။

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်ပါးစေများ၏ ဟန့်တားနှောင့်ယှက်မှုကြားကပင် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံပြီး မြန်မာ့လွတ်လပ်ရေးကို အသက်ပေးကာ ရယူပေးနိုင်ခဲ့သည်။ ထိုသို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် မျိုးဆက်သစ်လူငယ်များသည် လွတ်လပ်ရေးအသီးအပွင့်ကိုခံစားနိုင်ခြင်းဖြစ်သည့်အတွက် ရရှိပြီးသားထိုလွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမသွားစေရေးအတွက် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာ မျိုးဆက်သစ်လူငယ်အားလုံး၏ တာဝန်ပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရန် အခက်အခဲမျိုးစုံကိုကျော်လွှားကာ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ခံယူချက်တို့ကို မျိုးဆက်သစ်လူငယ်များက လေးစားအားကျအတုယူပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ အပြည့်အဝဆောင်စွာ ပါဝင်သွားရန် လိုအပ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ အသက်သွေးချွေးများစွာ ပေးဆပ်၍ရရှိခဲ့သော နိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထာဝစဉ်တည်မြဲနေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရမည်မှာလည်း မျိုးဆက်သစ်လူငယ်များ၏ သမိုင်းပေးတာဝန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လေးစားမြတ်နိုးတန်ဖိုးထားပါက ၎င်းတို့၏ အသက်သွေးချွေးများရင်းနှီးပေးဆပ်ကာ ရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို အစွန့်ရှည်တည်တံ့ခိုင်မြဲအောင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်သန်စွာဖြင့် အစဉ်ထာဝရအတူတကွ လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားအပ်သည်။

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇူလိုင် ၁၈**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်မှ ပဲမျိုးစုံကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပဲစင်းငုံ ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်း ပဲလုပ်ငန်းများ လည်ပတ် အားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"လက်ရှိဈေးကွက်ထဲမှာ လက်ကျန် ပဲစင်းငုံတွေအရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ ပဲစင်းငုံတွေက သိုလှောင်ထားသူတွေနဲ့ ကုန်သည်တွေဆီမှာပဲ ရှိပါတယ်။ ရေကြည်မြို့နယ်က ဒေသထွက်ကုန်တွေကို ဒေသပွဲရုံတွေက နေ့တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေမှ တစ်ဆင့် အခြားဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာပါ။ ဇွန်လထဲမှာ ပဲစင်းငုံ ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ရေကြည်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

အဆိုပါ ဒေသထွက် ပဲစင်းငုံများကို ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပဲစင်းငုံ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဋံသကာဘွဲ့ရနှင့် သာသနဓဇဓမ္မာစရိယ (အဂ္ဂမဟာအကျော်) အထူးအောင်သံဃာတော်များကို ရွှေတံဆိပ်နှင့် စာအောင်ဂုဏ်ပြု လှူဒါန်းပူဇော်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ကြည်ညို




**မန္တလေး ဇူလိုင် ၁၈**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ ၂၀၂၅ခုနှစ် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာဘွဲ့ရနှင့် သာသနဓဇဓမ္မာစရိယ (အဂ္ဂမဟာ အကျော်)အထူးအောင် သံဃာတော်များကို ရွှေတံဆိပ်နှင့် စာအောင်ဂုဏ်ပြု လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်ရှိ ဓမ္မထေရိယ သီရိရွှေစင်ကျောင်းတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကချုပ် ဆရာတော် အမှူးပြုသည့် မစိုးရိမ်တိုက်သစ် နာယကဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင် သီရိရွှေစင် စိန်ရွှေရတနာဆိုင် မိသားစုနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူ ဆောက်တည်ကြပြီးနောက် ဆရာတော်ကြီးထံသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်မိသားစုတို့က ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ၁၃၈၇ ခုနှစ် ဝါဆိုလဆန်း ၄ ရက်မှ ၈ ရက်ထိ ကျင်းပခဲ့သော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲတွင် သီးခြားစာသင်တန်း၊ သီးခြားစာချတန်းကို နှစ်မခြားဘဲအောင်မြင်ခဲ့သော ၃၉ နှစ်ကြာမှ ပေါ်ထွန်းခဲ့သည့် ၁၀ ပါးမြောက် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋံသကာဘွဲ့ရ မစိုးရိမ်တိုက်သစ် ဓမ္မဝိနယရုံသီကျောင်းမှ အရှင်ဃောသိတာလင်္ကာရာဘိဝံသနှင့် အစိုးရဓမ္မာစရိယ စာမေးပွဲ၌ တစ်နိုင်ငံလုံး အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် သာသနဓဇဓမ္မာစရိယ (အဂ္ဂမဟာအကျော်) ဘွဲ့ရ အရှင်ဇနကာလင်္ကာရတို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် သီရိရွှေစင်စိန်ရွှေရတနာဆိုင်မိသားစုတို့က ရွှေတံဆိပ်နှင့် ဂုဏပူဇာ နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ထို့နောက် သီရိရွှေစင် စိန်ရွှေရတနာဆိုင်မိသားစုက အဘိဝံသ ပရိယတ္တိ သာသနဟိတဓမ္မာစရိယဘွဲ့ရ အရှင်မြတ်သုံးပါးဖြစ်သည့် အရှင်တေဇာနန္ဒာဘိဝံသ၊ အရှင်ဓမ္မာနန္ဒာလင်္ကာရာဘိဝံသနှင့်အရှင်သူရိယာလင်္ကာရာဘိဝံသ၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ဒုတိယ အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် သာသနဓဇဓမ္မာစရိယဘွဲ့ရ အရှင်ဉာဏဝရ၊ အစိုးရပါဠိပထမပြန် စာမေးပွဲတွင် ပထမလတ်တန်းကို တစ်နိုင်ငံလုံး အမှတ်အများဆုံး (ပထမ)ဖြင့် အောင်မြင်ခဲ့သည့် ရှင်ကောဝိဒ၊အခြေပြုမူလတန်းတွင် တစ်နိုင်ငံလုံး တတိယဖြင့်အောင်မြင်ခဲ့သည့် အရှင်ကုန္ဒကတို့အား ဂုဏပူဇာနဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၄၉၈၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၉၈၀၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၆၃၂၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၈၀၅ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်းဧက ၆၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပဲတီစိမ်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်ကပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ကျောက်ကန်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားတစ်စင်းဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**တံတားဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးနံ့ခြံကျေးရွာအုပ်စု ကျောက်ကန်ကျေးရွာ၌ Box Culvert တံတားတစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ချောယဉ်စုနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ ကျောက်ကန်ကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ကျောက်ကန်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert တံတားတစ်စင်း အရှည် ၂၄ ပေ၊ အကျယ် ငါးပေ၊ အမြင့်ငါးပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၈၅ သန်းဖြင့် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ တံတားဆောင်ရွက်ပြီးစီးပါက ကျောက်ကန်ကျေးရွာရှိ တောင်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင် နိုင်မည်ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၁၂၂ x ၁၂၃ လမ်းကြား၊ လမ်း ၆၀ နေ မရွှေရတီလင်း မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ဆောက်လုပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးကိုကိုကြီးတို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ဧကထိ စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၄၅၉၂ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၃၃၄၂ စိုက်ပျိုးရန် လျာထားကြောင်း၊ မြေပဲကို ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၅၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၇၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၃၈၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၂၅၂ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၂၄၅၉၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၂၉၃၈၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၄၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇီးတောကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးကို ငွေကျပ် ၄၆ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၄ ဦးကို ရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်းအား ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဟင်္သာတမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောသည်။

ယခုကာလသည် ဟင်္သာတမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများထွက်ရှိချိန်ဖြစ်ပြီး ယခုနှစ် ဇူလိုင်လဒုတိယပတ်မှ စတင်၍ ယနေ့အထိ ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်း အဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့်ခရမ်းသီး တစ်ရက်လျှင် အလုံးရေ ၄၂၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဟင်္သာတမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ ဝယ်ယူမှုတအားများပြားနေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဟင်္သာတမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ်ကောင်းမွန်နေတာ"ဟု ဟင်္သာတမြို့နယ်မှကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောသည်။

ဟင်္သာတမြို့နယ်မှ ထွက်ရှိသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ကျောင်းကုန်းဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကျန်းမာရေးကောင်းကျိုးများစွာရရှိစေသော ဖရဲသီး

ဒေါက်တာလပြည့်ခင်

အရည်ရွှမ်းပြီး ချိုသောအရသာရှိသည့် ဖရဲသီးကို အင်္ဂလိပ်လို Watermelon ဟုခေါ်ပြီး Cucurbitaceae မျိုးရင်းနှင့် ရုက္ခဗေဒအမည်မှာ Citrullus Lanatus ဖြစ်သည်။

**ဖရဲသီး၏အာဟာရတန်ဖိုးများ**

ဖရဲသီးထဲတွင် ကာဘိုဟိုက်ဒရိတ်ဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ-၁၊ ဗီတာမင်ဘီ-၂၊ ဗီတာမင်ဘီ-၁၂၊ ဗီတာမင် စီ၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်နှင့် ဇင့်ဓာတ်တို့ပြည့်ဝစွာပါဝင်သည်။ ဖရဲသီးတွင် ပိုတက်စီယမ်နှင့် ခန္ဓာကိုယ်စွမ်းအင်ပြုလုပ်ရေးအတွက် အရေးပါသည့် ဗီတာမင်အေနှင့်ဗီတာမင်စီ အပြည့်ပါဝင်သောကြောင့် ဖရဲသီးကို နေ့စဉ်စားသုံးပေးပါက လိုအပ်သည့် ဗီတာမင်ဓာတ်များကို ပြည့်ဝစေမည်ဖြစ်သည်။ ဖရဲသီးတစ်ခွက်စာ ၁၅၂ ဂရမ်တွင် ကယ်လိုရီ ၄၃ ပါရှိပြီး အဆီလုံးဝမပါဘဲ ဆိုဒီယမ်နှစ်ဂရမ်၊ ကာဘိုဟိုက်ဒရိတ် ၁၁ ဂရမ် (သကြားဓာတ် ကိုးဂရမ်၊ အမျှင်ဓာတ် ၂၈ ဂရမ်) ပါဝင်သောကြောင့် ဖရဲသီး စားသုံးမှုများသူများသည် အဝလွန်ခြင်း၊ ဆီးချိုနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများ လျော့နည်းစေနိုင်သည်။

**သွေးပေါင်ချိန်ကိုထိန်းညှိပေးသော ဖရဲသီး**

ဖရဲသီးတွင် ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်ကြွယ်ဝစွာ ပါဝင်သောကြောင့် သွေးပေါင်ချိန် ကိုကျဆင်းစေသည်။ ပိုတက်စီယမ်ဓာတ်သည် သွေးလွှတ်ကြောများနှင့် သွေးပြန်ကြောများပေါ်တွင် သက်ရောက်နေသည့် တင်းအားများကိုလျော့ပါး သက်သာစေပြီး သွေးများစီးဆင်းရန် လွယ်ဆော်နိုင်သောကြောင့် နှလုံးသွေးကြောစနစ်ပေါ် သက်ရောက်သည့် ဖိအားများကို လျော့ပါးသက်သာစေသည်။ ဖရဲသီးတွင်ပါဝင်သည့် ကာရိုတီးနွိုက် (Carotenoid) က သွေးကြောနံရံများ တောင့်တင်းခြင်းမဖြစ်စေရန် ကာကွယ်ပေးနိုင်သကဲ့သို့ သွေးတိုးခြင်းနှင့် သွေးခဲခြင်းမျိုးမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။

**ဆီးချိုကိုထိန်းညှိပေးသောဖရဲသီး**

ဖရဲသီးသည် အချိုဓာတ်ရှိသော်လည်း ကယ်လိုရီပါဝင်မှု အလွန်နည်းပါးကာ ရေနှင့်အမိကဖွဲ့စည်းထားသောကြောင့် ကစီဓာတ်နှင့်မတည့်သော ဆီးချိုဝေဒနာသည်များ စားသုံးရန်သင့်တော်သည်။ ထို့ပြင် ဖရဲသီးတွင်ပါဝင်သည့် ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ကဲ့သို့ ဗီတာမင်များ၊ သတ္တုဓာတ်များက အင်ဆူလင် ကောင်းစွာထုတ်လုပ်နိုင်စေရန် အထောက် အကူပြုပေးနိုင်သည်။

**ကျောက်ကပ်ဝေဒနာကို သက်သာစေသောဖရဲသီး**

ဖရဲသီးတွင် ပိုတက်စီယမ် ကြွယ်ဝစွာပါဝင်သောကြောင့် ကျောက်ကပ်တွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားရာတွင် အထောက်အကူပြုပေးသကဲ့သို့ သွေးတွင်းရှိ ယူရစ်အက်စစ်ပါဝင်မှုကို လျှော့ချပေးနိုင်သောကြောင့် ကျောက်ကပ်ပျက်စီးနိုင်ခြေကို လျှော့ချပေးနိုင်သည်။ ဖရဲသီးသည် ဆီးရွှင်စေသည့် ဂုဏ်သတ္တိရှိသောကြောင့် ကျောက်ကပ်တွင်းမှ အဆိပ်အတောက်များကို ဆီးမှတစ်ဆင့် ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ပေးသည်။ ဖရဲသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်နေသဖြင့် ကျောက်ကပ်ကို ကျန်းမာစေနိုင်သည်။

**ကင်ဆာရောဂါကိုကာကွယ်ပေးနိုင်သောဖရဲသီး**

ဖရဲသီးတွင် ကင်ဆာဖြစ်စေသည့် အရာများကို ဖယ်ရှားပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင်သဖြင့် ကင်ဆာရောဂါကို ကာကွယ်ရာရောက်ပြီး အထူးသဖြင့် Lycopene နှင့် Carotenoid Phytonutrients ဒြပ်ပေါင်းများ ကြွယ်ဝစွာပါဝင်မှုကြောင့် ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာနှင့် သားအိမ်ကင်ဆာများဖြစ်နိုင်ခြေကို လျော့ပါးစေသည်ဟု သုတေသနများတွင် ဖော်ပြကြသည်။

**ပန်းနာရင်ကျပ်ကိုကာကွယ်ပေးနိုင်သော ဖရဲသီး**

ပန်းနာရင်ကျပ်ကဲ့သို့ ရောဂါများဖြစ်နိုင်ခြေများသည်မှာ လုံလောက်သည့်အာဟာရဓာတ်များစားသုံးမှုမရှိသောကြောင့်ဖြစ်ပြီး အထူးသဖြင့် ဗီတာမင်စီဓာတ်ချို့ယွင်းမှုကြောင့်ဟုဆိုကြသည်။ ဖရဲသီးတွင် အာဟာရရှိစေသည့် ဗီတာမင်များစွာပါဝင်ပြီး ဗီတာမင်စီလည်း ကြွယ်ဝစွာပါဝင်မှုကြောင့် ရင်ကျပ်ရောဂါကို ကာကွယ်ပေးနိုင်သည်။



**အပူလျှပ်ခြင်းကိုသက်သာစေသောဖရဲသီး**

ဖရဲသီးက ခန္ဓာကိုယ်အပူချိန်ကို ကျဆင်းစေနိုင်သကဲ့သို့ သွေးပေါင်ချိန်ကိုလည်း ကျဆင်းစေနိုင်သည်။ အပူပိုင်းဒေသများတွင် နွေရာသီကဲ့သို့ ပူပြင်းသည့် နေ့ခင်းဘက်များတွင် အပူလျှပ်ခြင်း မဖြစ်စေရန် ဖရဲသီးကိုစားသုံးကြသည်။ ဖရဲသီးတွင် ရေဓာတ်များစွာ ပါဝင်နေသောကြောင့် ခန္ဓာကိုယ်ကိုလည်း ရေဓာတ်ပြည့်ဝနေစေမည်ဖြစ်သည်။

**သွေးတိုးကျစေသောဖရဲသီး**

ဖရဲသီးသည် သွေးတိုးကျစေသော အာဟာရတစ်မျိုးဟု အမေရိကန် သွေးတိုးရောဂါဆိုင်ရာဂျာနယ်များတွင်ဖော်ပြကြပြီး အထူးသဖြင့်သက်လတ်ပိုင်းများတွင် သွေးတိုးဖြစ်ခြင်းကို လျော့ကျစေသည်ဟု ဆိုကြသည်။ အခြား သုတေသနများတွင်လည်း ဖရဲသီးစားသုံးခြင်းသည် သွေးကြောများ၏လုပ်ငန်းဆောင်တာကို ကောင်းမွန်စေသည်ဟု ဆိုထားသည်။

**နှလုံးကျန်းမာစေသောဖရဲသီး**

ဖရဲသီးတွင် ကျန်းမာရေးကိုတိုးတက်ကောင်းမွန်စေသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အရွယ်မတိုင်မီ အိုမင်းမှုကို တိုက်ဖျက်ပေးနိုင်သည့် Beta-carotene တို့ပါဝင်မှုကြောင့် အသက်ငယ်ရွယ်သည့်အချိန်တွင် နှလုံးကျန်းမာစေသကဲ့သို့ အသက်အရွယ်ရလာသည့်အချိန်တွင် ဖြစ်တတ်သော နှလုံးပြဿနာများကိုလည်း လျော့ပါးသက်သာစေသည်။ ထို့ပြင် ဖရဲသီးတွင်ပါဝင်သည့် ဗီတာမင်စီ၊ ပိုတက်စီယမ်နှင့် Carotenoid တို့က သွေးတွင်းကိုလက်စထရောကို လျော့ကျစေပြီး ရုတ်တရက် နှလုံးဖောက်မှုမဖြစ်ပွားစေရန် ကာကွယ်ပေးသည်။

**ရောင်ရမ်းမှုကိုသက်သာစေသောဖရဲသီး**

ဖရဲသီးတွင် အိပ်စက်မှု၊ ကြွက်သားများလှုပ်ရှားမှု၊ သင်ယူမှုနှင့်မှတ်ဉာဏ်များအတွက် အရေးပါသည့် အာဟာရဓာတ်ဖြစ်သော Choline ပါဝင်ပြီးနာတာရှည်ရောင်ရမ်းမှုများကိုသက်သာစေသည်။ အဆိုပါအာရုံကြောများ၏ လုပ်ငန်းဆောင်တာမြန်ဆန်ချောမွေ့စေရန် ထောက်ကူပေးသကဲ့သို့ Oxidtaive Damage ဖြစ်နိုင်ခြေကိုလျှော့ချပေးပြီး ဆဲလ်များ၏နံရံကိုထိန်းသိမ်းကာကွယ်ပေးခြင်း၊ အဆီစုပ်ယူမှုကိုကူညီပေးခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများစွာကို ဖရဲသီးစားသုံးခြင်းမှ ရရှိနိုင်သည်။

**အရေပြားနှင့်ဆံပင်ကိုသန်စွမ်းစေသောဖရဲသီး**

ဆံသားများ စိုပြေတောက်ပြောင်နေစေသော အဆီထုတ်လုပ်ရာတွင် လိုအပ်သည့်အရာတစ်ခုဖြစ်သည့်ဗီတာမင်အေနှင့် ဗီတာမင်စီသည် ဖရဲသီးတွင် ကြွယ်ဝစွာပါဝင်နေသဖြင့် ဖရဲသီးက အရေပြားနှင့်ဆံပင်များဖွံ့ဖြိုးစေရန်အတွက် အရေးပါသည့်နေရာက ပါဝင်နေသည်။ ဗီတာမင်စီသည် ခန္ဓာကိုယ်မှ ကော်လာဂျင် (Collagen)များ ထွက်လာအောင် လုပ်ဆောင်ပေးပြီး အရေပြားနှင့်ဆံသားကို ကျန်းမာစေနိုင်သည်။ ဗီတာမင်အေသည် အသားအရေ ခြောက်သွေ့ခြင်း၊ အဖတ်လန်ခြင်းတို့ကို လျော့ပါးသက်သာစေပြီး အရေပြားပျက်စီးမှုကို သက်သာစေနိုင်သည်။ ဖရဲသီးသည် အရေပြားကို အစိုဓာတ်ထိန်းသိမ်းပေးနိုင်သဖြင့် အသားအရေအေးမြပြီး ကြည်လင်လန်းဆန်းစေသည့် သဘာဝအစိုဓာတ်ထိန်းဆေးဟုဆိုကြသည်။

**ကယ်လိုရီလောင်ကျွမ်းစေသောဖရဲသီး**

ဖရဲသီးသည် ကယ်လိုရီပါဝင်မှုမရှိသည့် အသီးအနှံတစ်မျိုးဖြစ်သည့်အပြင် အစာခြေနေချိန်တွင် နဂိုရှိပြီးသား ကယ်လိုရီများ လောင်ကျွမ်းသွားစေရန်လည်း ကူညီပေးနိုင်သောကြောင့် ဖရဲသီးကို မိမိနေ့စဉ်စားသုံးသည့်အစားအစာအတွင်း ထည့်သွင်းစားသုံးပေးမည်ဆိုပါက ခန္ဓာကိုယ်သွယ်လျကျစ်လျစ်နိုင်သည်။

**မျက်စိအားကောင်းစေသောဖရဲသီး**

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ (ဥပမာ-ခရမ်းချဉ်သီးအနီရောင်)တွင် တွေ့ရှိရသည့် Lycopene ဟုခေါ်သည့် ရောင်ခြယ်ဓာတ်တစ်မျိုးက အနီရောင်ဖရဲသီးတွင် များစွာပါဝင်သဖြင့် ကြက်မျက်သင့်ရောဂါ၊ မျက်စိအတွင်းတိမ်ဖြစ်ခြင်း စသည့် မျက်စိရောဂါအမျိုးမျိုး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံအတွက် အထူးကောင်းမွန်ရုံသာမက နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပြုစေနိုင်သည်။ ဖရဲသီးတွင်ပါဝင်သည့် Beta-carotene ၊ ဗီတာမင်စီ၊ Lutein နှင့် Zeaxanthin တို့က မျက်လုံးနှင့်အမြင်အာရုံ ထိခိုက်ပျက်စီးလျော့ပါးသက်သာစေသလို အသက်အရွယ်ကြောင့် အမြင်အာရုံထိခိုက်ပျက်စီးမှုနှင့် မျက်လုံးရေတိမ်ဖြစ်ပွားမှုများကို လျော့ပါးသက်သာစေသည်။

**ကြွက်သားနာကျင်မှုများကိုသက်သာစေနိုင်ခြင်း**

ဖရဲသီးတွင်ပါဝင်သည့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်သည့် Citrulline သည် ကြွက်သားနာကျင်မှုများကိုလည်း သက်သာလျော့ပါးစေသလို အရေပြားတွင် ဒဏ်ရာဖြစ်မှုကို အမြန်ဆုံးသက်သာစေပြီး ဆဲလ်အသစ်ဖြစ်ပေါ်စေသောကြောင့် အသားအရေကိုနုပျိုစေပါသည်။ အားကစားသမားများအနေဖြင့်လည်း ကာယလေ့ကျင့်ခန်းလုပ်ပြီးချိန်တွင်ဖြစ်စေ၊ ခန္ဓာကိုယ်ကိုပင်ပန်းစေသည့် အခြားအလုပ်များလုပ်ကိုင်ထားချိန်တွင် ဖရဲသီးဖျော်ရည်တစ်ခွက်ကို သောက်ပေးမည်ဆိုလျှင် ကြွက်သားနာကျင်မှုနှင့် နှလုံးခုန်မြန်မှုကိုလည်း လျော့ပါးသက်သာစေမည်ဖြစ်သည်။

**တစ်နေ့တာလိုအပ်သည့် ရေဓာတ်ပြည့်ဝစေခြင်း**

ဖရဲသီးတစ်လုံးတွင်ရေဓာတ် ၉၂ ရာခိုင်နှုန်းပါဝင်သောကြောင့် တစ်နေ့တာလုံး ရေဓာတ်ပြည့်ဝနေအောင်ကူညီပေးနိုင်သဖြင့် အာဟာရဗေဒပညာရှင်များက မနက်စာတိုင်းတွင် ဖရဲသီးကိုပါဝင်အောင်ထည့်သွင်းစားသုံးသင့်သည်ဟု အကြံပြုထားကြသည်။

**ဖရဲသီးအခွံ၏ကျန်းမာရေးအကျိုးကျေးဇူးများ**

ဖရဲသီးအခွံ၏ လူသိနည်းသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ဆက်လက်တင်ပြလိုပါသည်။ ဖရဲသီး၏အရည်ရွှမ်းပြီး ချိုမြသည့် အသားကိုသာ စားသုံးနိုင်ခြင်းမဟုတ်ဘဲ ခန္ဓာကိုယ်ကိုဘက်ပေါင်းစုံကအကျိုးပြုနိုင်သည့် ဖရဲသီး၏အခွံကိုလည်း စားသုံးနိုင်သည်။ ဖရဲသီးအခွံသည် ဖရဲသီးအသားကဲ့သို့ ရေဓာတ် အပြည့်အဝ ပါဝင်ခြင်းကြောင့် ကျောက်ကပ်၏ စွန့်ထုတ်နိုင်စွမ်းကိုပိုမိုကောင်းမွန်စေပြီး ရေဓာတ်အလုံအလောက်ရရှိမှုကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာစေရန် အထောက်အကူ ပြုနိုင်သည်။ ဖရဲသီးအခွံ၏အသားတွင် ဗီတာမင်စီ၊ ဗီတာမင် ဘီ-၆နှင့် ဗီတာမင်အေတို့ ပြည့်ဝစွာ ပါဝင်သည့်အပြင် ပိုတက်စီယမ်နှင့် ဇင့်ဓာတ်တို့လည်း ပမာဏအတန်အသင့်ပါရှိသည်။ ဗီတာမင်စီ ပါဝင်သဖြင့် Free Radical များကြောင့် ထိခိုက်ပျက်စီးမှုများကိုခုခံနိုင်ပြီး ကိုယ်ခံအားကို ကောင်းမွန်စေသည်။

**ကျောက်ကပ်ကျောက်ကြေစေသောဖရဲသီးအခွံ**

ဖရဲသီးအခွံတွင်ပါဝင်သည့် ပိုတက်စီယမ်သည် ကျောက်ကပ်တွင်းရှိ အက်စစ်ပမာဏကို ထိန်းညှိထိန်းသိမ်းပေးနိုင်သောကြောင့် ကျောက်ကပ်ကျန်းမာရေးအတွက် အကျိုးများစေပြီး ရေဓာတ်ပါဝင်မှုကြောင့် ကျောက်ကပ်တွင်တည်နေသည့် ကျောက်များကို ကြေကျစေပြီး စွန့်ထုတ်ရလွယ်စေသည်။

**ကိုယ်အလေးချိန်ကျစေနိုင်ခြင်း**

ဖရဲသီးအခွံတွင် ဗီတာမင်စီ ပါဝင်မှုကြောင့် Diet ပြုလုပ်၍ ကိုယ်အလေးချိန် ချနေသူများအတွက် အထောက်အကူဖြစ်စေပြီး အမျှင်ဓာတ်ကြောင့်အချိန်အတော်ကြာ ဗိုက်ပြည့်နေစေမည်ဖြစ်သည်။

**ရောင်ရမ်းမှုကိုလျော့ကျစေနိုင်ခြင်း**

ဖရဲသီးအခွံတွင်ပါဝင်သည့် လိုင်ကိုပင်းဓာတ် (Lycopene) သည် အဆစ်ရောင်နာကျင်ကိုက်ခဲရာတွင်ဖြစ်တတ်သည့် ရောင်ရမ်းမှုဝေဒနာကိုလျော့ကျစေပြီး ဖရဲသီးခွံတွင် ဘီတာကယ်ရိုတင်းဓာတ်များစွာပါဝင်သည့်အတွက် မျက်စိကျန်းမာရေးအတွက်လည်း ကောင်းမွန်သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၃၈၁ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြမြို့နယ်တွင် မိုးသီးနှံစုံ ၄၆၈၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၈၁ ဧကထိ စိုက်ပျိုးပြီးစီးဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၄၃၈၁ ဧကတွင် စားဖိုဆောင်သီးနှံ ၂၄၅၅ ဧက၊ ပိန်းဥ ၂၁၄ ဧက၊ ကန်စွန်းဥ ၁၁၅ ဧက၊ ပီလောပီနံ ၁၁၈၁ ဧက၊ ကြံ ၂၇၃ ဧက၊ ပရဆေး ၄ ဧက၊ ပဲစင်းငုံ ဧက ၆၀၊ ဖူးစားပြောင်း ၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

''မြောင်းမြမြို့နယ်မှာမိုးသီးနှံစုံဧက ၄၆၈၈ ကျော်ထိ လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိမှာတော့ မိုးသီးနှံစုံ ၄၃၈၁ ဧက ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မိုးသီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ သီးနှံတွေအထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်ကျရောက်မှု မရှိစေဖို့ ဆောင်ရွက်ပေးထားပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ဒေသခံတောင်သူများနှင့် ပေါင်းစပ်ပြီး စိုက်ပျိုးရေးအတွက် အရေးပါသည့်ဆည်မြောင်းများ၊ တာတမံများ ပြုပြင်တူးဖော်ပေးခြင်းလုပ်ငန်းများကို သီးနှံများ မစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

မိုးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်စေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

**ဆီးလမ်းကြောင်းပိုးဝင်ခြင်းကိုသက်သာစေနိုင်ခြင်း**

ဖရဲသီးအခွံ၏ ရေဓာတ်ဖြည့်တင်းနိုင်စွမ်းနှင့် ဆီးရွှင်စေသည့် အာနိသင်က ဆီးပိုးဝင်ခြင်းကို ကုသရာတွင် ထိရောက်စေနိုင်သည်။

**ကိုယ်ဝန်ကြောင့်ဖြစ်ပွားသည့်လက္ခဏာများကို သက်သာစေခြင်း**

ဖရဲသီးအခွံသားကို ကိုယ်ဝန်ဆောင်အမျိုးသမီးများ စားသုံးပေးမည်ဆိုပါက ရင်ပူခြင်းကိုသက်သာစေပြီး ကိုယ်ဝန်ကြောင့်ဖြစ်သည့် ဖောရောင်မှုများကို လျော့ပါးစေသည်။ ဖရဲသီးအခွံတွင်ပါဝင်သည့် သဘာဝသကြားဓာတ်ကြောင့် အော့အန်ခြင်းဝေဒနာများကိုလည်း သက်သာစေနိုင်သည်။

**သွေးလည်ပတ်မှု ကောင်းမွန်စေနိုင်ခြင်း**

ဖရဲသီးအခွံသားကို စားသုံးပေးခြင်းဖြင့် သွေးတိုးကိုကျစေသည့်အပြင် သွေးပေါင်ကျတတ်သူများတွင်လည်း သွေးလည်ပတ်မှုကို ကောင်းမွန်စေနိုင်ပြီး သွေးဖိအားကို ပုံမှန်ဖြစ်အောင် ထိန်းညှိပေးနိုင်သည်။

**သတိထားပြီးစားသုံးသင့်သူများ**

ဖရဲသီးအခွံက ကျန်းမာရေးကို အထောက်အကူဖြစ်စေသော်လည်း တန်ဆေးလွန်ဘေးဖြစ်သောကြောင့် သင့်တင့်သည့်ပမာဏသာစားသုံးသင့်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ ရောဂါအခံရှိသူများနှင့် ဆေးဝါးတစ်ခုခုကို စွဲသောက်နေသူများအနေဖြင့်လည်း သက်ဆိုင်ရာဆရာဝန်နှင့် တိုင်ပင်ပြီးမှသာ စားသောက်သင့်ပါသည်။

**နိဂုံး**

အချုပ်အားဖြင့် ရေဓာတ် ၉၀ရာခိုင်နှုန်းကျော် ပါဝင်သော ဖရဲသီးသည် စားသုံးလိုက်လျှင် အရည်ရွှမ်းကာ ချိုအေးသောအရသာကို ပေးစွမ်းနိုင်ပြီး ဖရဲသီး၏လှပစိမ်းစိုသော အရောင်အဆင်းမှာလည်း လန်းဆန်းသွားစေသည့် စိတ်ခံစားမှုကိုပေးစွမ်းနိုင်သည်။ ပူအိုက်သောရာသီတွင် ရေဓာတ်ပြည့်ဝသောဖရဲသီးကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းမှ အပူများကိုကျစေနိုင်ပြီး ရေငတ်ပြေစေသည်။ ဇင့်ဓာတ်နှင့် ဗီတာမင်စီ ပါဝင်သောကြောင့် ခုခံအားကောင်းမွန်စေပြီး အရေပြားကို အစိုဓာတ် ပေးစွမ်းနိုင်သဖြင့် အသားအရေလှပချင်သူများ နေ့စဉ်ပုံမှန်စားသုံးသင့်သည်။ အားကစားလုပ်ပြီးချိန်တွင်ခံစားရသည့် ကြွက်သားတောင့်တင်းနာကျင်မှုများကို ဖရဲသီးဖျော်ရည်တစ်ခွက် သောက်သုံးခြင်းဖြင့် သက်သာစေနိုင်သည်။ ဖရဲသီးက အမျိုးသားခွန်အားတိုးအောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်အတွက် အမျိုးသားများနှင့် ခန္ဓာကိုယ်အလှအပကိုထိန်းသိမ်းချင်သူ အမျိုးသမီးများအနေဖြင့်လည်း ကိုယ်အလေးချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်ပြီး သွေးကြောအတွင်းရှိ အဆီစုပုံမှုများကိုလျော့နည်းစေနိုင်သည့်အတွက် ကျန်းမာရေးကောင်းကျိုးများစွာ ရရှိစေနိုင်သော ဖရဲသီးကို ပုံမှန်စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## ကံကောင်းချင်ရင် စိတ်ကိုပြင်

- ကံဆိုတာ အလုပ်
ကိုယ့်ဂုဏ်ပုဒ် မြင့်မားအောင်၊
ဖွဲ့စိတ်သန် ဝီရိယအားနဲ့
ကြိုးစားလူ့ဘောင်၊
မိတ်ဆွေစစ် ပညာဆောင်
ဘဝအမှောင် တိုက်ထုတ်၊
ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့
ရှေးရှုကြိုးကုတ်။

- ကံဆိုတာ အလုပ်
မိမိဂုဏ်ပုဒ် မြင့်မားအောင်၊
မနာလို မစ္ဆရိယ
ကင်းပ လူ့ဘောင်၊
မေတ္တာတရား ရင်ဝယ်ဆောင်
အတ္တရှောင် ကောင်းစိတ်ထား၊
ပရကို အစဉ်တွေးရှု
ထုဆစ်လှုပ်ရှား။

- ကံသည် မိမိအနား
စေစားဖို့ ရောက်ရှိလာ၊
ပင်ကိုယ်ဉာဏ် ဆင်ခြင်အသိနဲ့
သတိထားပါ၊
ကံသုံးပါး အမှုအရာ
ကောင်းအောင်သာ ပြုကျင့်လို့၊
မိမိဂုဏ် အရည်အသွေး
မြှင့်တင်ပေးစို့။ ။

**ချစ်သက်(မြန်မာစာ)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။




# ယူကရိန်းကျေးရွာသုံးရွာကို ရုရှားတပ်များ ထပ်မံရယူ

**မော်စကို ဇူလိုင် ၁၈**

ယူကရိန်းစစ်မြေပြင် ရှေ့တန်းမျဉ်းတစ်လျှောက်၌ ရုရှားတပ်များက ကျေးရွာသုံးရွာကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များ ထပ်မံရယူနိုင်ခဲ့သောကျေးရွာများမှာ ဇာပိုရစ်ဇီယာဒေသ၊ ခါကစ်ဗ်ဒေသနှင့် ဒွန်းနက်စ်ဒေသများ၌ တည်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ဇာပိုရစ်ဇီယာ၊ ခါကစ်ဗ်နှင့် ဒွန်းနက်စ် စစ်မြေပြင်များသည် ရုရှားတပ်များ၏ ပင်မစစ်မြေပြင်များဖြစ်ကြသည်။

ဒွန်းနက်စ်ဒေသ၌ ရုရှားတပ်များအနေဖြင့် အနောက်ဘက်အရပ်သို့ ဆက်လက်ထိုးဖောက်ဝင်ရောက်နေဆဲဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်အရ သိရသည်။

ရုရှားနိုင်ငံသည် ဇာပိုရစ်ဇီယာ၊ ဒွန်းနက်စ်၊ လူးဟန့်နှင့် ခါဆန်ဒေသများကို ရုရှားအချုပ်အခြာအောက်သို့ ထည့်သွင်းကြောင်း ကြေညာထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ၂၀ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

# ဆီနီဂေါနိုင်ငံရှိ နောက်ဆုံးလက်ကျန်စစ်စခန်း ဆီနီဂေါတပ်မတော်ထံ ပြင်သစ်လွှဲပြောင်းအပ်နှံ

**ဒါကာ ဇူလိုင် ၁၈**

ပြင်သစ်နိုင်ငံသည် ဆီနီဂေါနိုင်ငံ၌ နောက်ဆုံးကျန်ရှိသည့် အဓိကစစ်စခန်းတစ်ခုကို ဆီနီဂေါတပ်မတော်ထံပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒါကာမြို့၌ တည်ရှိသည့် ကမ့်ဂျီးလ်အမည်ရှိ အဆိုပါစစ်စခန်းကို ပြင်သစ်တပ်မတော်က ဇူလိုင် ၁၇ ရက်တွင် ဆီနီဂေါတပ်မတော်လက်ဝယ်သို့ အခမ်းအနားဖြင့် ပြန်လည်လွှဲပြောင်းခဲ့ခြင်းဖြစ်သည်။

ကမ့်ဂျီးလ်စစ်စခန်းကို လွှဲပြောင်းအပ်နှံခဲ့ပြီးနောက် ဆီနီဂေါနိုင်ငံ၌ ပြင်သစ်နိုင်ငံက နှစ်ပေါင်းများစွာစစ်ရေးအရ နေရာယူထားမှုအဆုံးသတ်ခဲ့ရပြီဖြစ်သည်။

ဆီနီဂေါနိုင်ငံအတွင်းရှိ ပြင်သစ်စစ်စခန်းများသည် ဆီနီဂေါ၏အချုပ်အခြာအာဏာပိုင်စိုးမှုကို ဆန့်ကျင်နေသည်ဖြစ်ရာ ယင်းစစ်စခန်းများကိုပြန်လည်လွှဲပြောင်းအပ်နှံရန် ဆီနီဂေါသမ္မတ ဒီအိုမာယီဖာယေးကပြင်သစ်အစိုးရကို ၂၀၂၄ ခုနှစ်အတွင်း တောင်းဆိုထားသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀၀ကျော်က ဆီနီဂေါနိုင်ငံ၌ စစ်ရေးအရနေရာယူခဲ့သော ဥရောပနိုင်ငံဖြစ်သည်။

ဆီနီဂေါနိုင်ငံသည် ပြင်သစ်နိုင်ငံလက်အောက်မှ ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရယူခဲ့သည့် ပြင်သစ်ကိုလိုနီနယ်မြေဟောင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



# မြေရှားသတ္တုများကိုခိုးထုတ်ရန် ပြည်ပသူလျှိုအဖွဲ့များ ကြိုးပမ်းနေကြောင်း တရုတ်အစိုးရပြောကြား



**ပေကျင်း ဇူလိုင် ၁၈**

တရုတ်နိုင်ငံ၏ မြေရှားသတ္တုများကို ခိုးထုတ်ရေးအတွက် ပြည်ပနိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့အစည်းများက ကြိုးပမ်းနေကြောင်း တရုတ်အစိုးရနိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံမှ မြေရှားသတ္တုများကို ထုတ်ယူရေးအတွက် ပြည်ပသူလျှိုအဖွဲ့အစည်းများက တရုတ်ပြည်တွင်းရှိ ဒုစရိုက်သမားများနှင့် ပူးပေါင်းကြံစည်နေကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ မြေရှားသတ္တု ထုတ်လုပ်ရေးနယ်ပယ်အတွင်းသို့ ပြည်ပသူလျှိုအဖွဲ့အစည်းများနှင့် ထောက်လှမ်းရေးသမားများ ထိုးဖောက်ဝင်ရောက်မှုကို တားဆီးနှိမ်နင်းမည်ဖြစ်ကြောင်း နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်တွင် ကတိပြုထားသည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ မြေရှားသတ္တုများကို ခိုးထုတ်ရန် ကြံစည်နေသည်ဆိုသော ပြည်ပသူလျှိုအဖွဲ့အစည်းများကို တရုတ်အစိုးရနိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနက အမည်နာမနှင့်တကွ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ မြေရှားသတ္တုများကို တတိယနိုင်ငံများမှတစ်ဆင့် တရုတ်အစိုးရ၏ပို့ကုန်ကန့်သတ်ချက်များကို ရှောင်ရှား၍ ရယူရန် နိုင်ငံတစ်နိုင်ငံက ကြိုးပမ်းနေမှုကို မိမိတို့ထောက်လှမ်းတွေ့ရှိထားကြောင်း တရုတ်နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒများကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံသို့ မြေရှားသတ္တုများ တင်ပို့မှုကို တရုတ်အစိုးရက ပိတ်ပင်ထား ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ယခုနှစ်ဇွန်လအတွင်း ဂျပန်ပြည်တွင်း၌ ဆန်ဈေးနှုန်းများ ၉၉ ရာခိုင်နှုန်းကျော်မြင့်တက်

**တိုကျို ဇူလိုင် ၁၈**

ယခုနှစ် ဇွန်လအတွင်း ဂျပန်ပြည်တွင်း၌ ဆန်ဈေးနှုန်းများ ၉၉ဒသမ၂ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျပန်ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် လွှတ်တော်ရွေးကောက်ပွဲများ မကျင်းပမီ ဂျပန်ဝန်ကြီးချုပ် အီရှီဘာအနေဖြင့် နိုင်ငံရေးဖိအားများကို ရင်ဆိုင်နေရသည်။

လူနေမှုစရိတ်ကြီးမြင့်မှုပြဿနာများကြောင့် ဝန်ကြီးချုပ် အီရှီဘာဦးဆောင်သော လက်ရှိ ဂျပန်ညွန့်ပေါင်းအစိုးရ ရရှိထားသော ပြည်သူ့ထောက်ခံမှုနှုန်းမှာ အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ရသည်။



ယင်းအပြင် ငွေကြေးတန်ဖိုးဖောင်းပွမှု၊ ဆန်ဈေးမြင့်တက်လာမှုနှင့် လက်ရှိအာဏာရပါတီ၏ ပါတီတွင်း ပြဿနာများကြောင့်လည်း ဂျပန်အစိုးရအပေါ်လူထုထောက်ခံမှုနှုန်း ကျဆင်းခဲ့ရခြင်းဖြစ်သည်။

ယခုနှစ်မေလအတွင်း ဂျပန်နိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းမှာ ၁၀၁ ရာခိုင်နှုန်းထိ စံချိန်တင်မြင့်တက်ခဲ့ဖူးသည်။

ဂျပန်နိုင်ငံသည် ဇူလိုင် ၂၀ ရက်တွင် အထက်လွှတ်တော်ရွေးကောက်ပွဲများကျင်းပရန် စီစဉ်ထားရာ လက်ရှိအာဏာရ ညွန့်ပေါင်းအုပ်စုအနေဖြင့် လွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်စွမ်း ဆုံးရှုံးရဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အယ်လ်ကာထရက်ဇ်အကျဉ်းထောင်ကို ပြန်ဖွင့်ပါက ကုန်ကျစရိတ် ကန်ဒေါ်လာ နှစ်ဘီလီယံထိရှိနိုင်

**နယူးယောက် ဇူလိုင် ၁၈**

အယ်လ်ကာထရက်ဇ်ကျွန်းအကျဉ်းထောင်အား လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်အဖြစ် ပြန်လည်ပြောင်းလဲမည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစီအစဉ်သည် ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ ရှိနိုင်ကြောင်း အမေရိကန်မီဒီယာများက ယနေ့သတင်းများတွင် ထုတ်ပြန်ထားသည်။

အယ်လ်ကာထရက်ဇ်ကျွန်းအကျဉ်းထောင်သည် နှစ်ပေါင်း ၂၉ နှစ်ကြာမျှ လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်အဖြစ် ရပ်တည်ခဲ့ပြီးနောက် ၁၉၆၃ ခုနှစ်တွင် အမေရိကန်အစိုးရက အဆိုပါအကျဉ်းထောင်ကို ပိတ်သိမ်းခဲ့သည်။

အကျဉ်းထောင် လုပ်ငန်းကိုလည်ပတ်ရာတွင် ကုန်ကျစရိတ်ကြီးမားလွန်းမှုကြောင့် အမေရိကန်အစိုးရက အယ်လ်ကာထရက်ဇ်ကျွန်းအကျဉ်းထောင်ကို ပိတ်သိမ်းခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အယ်လ်ကာထရက်ဇ် အကျဉ်းထောင်ဟောင်းကို အမေရိကန်နိုင်ငံ၏လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်အဖြစ် ပြန်လည်ဖွင့်လှစ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

အယ်လ်ကာထရက်ဇ်အကျဉ်းထောင်ကို ပြန်လည်ဖွင့်လှစ်၍ အန္တရာယ်အကြီးမားဆုံးရာဇဝတ်သားများကို ထားရှိမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယခင်က ပြောကြားထားသည်။

သို့သော် အယ်လ်ကာထရက်ဇ်အကျဉ်းထောင်ကို လုံခြုံရေးအတင်းကျပ်ဆုံး အကျဉ်းထောင်အဖြစ် ပြန်လည်ဖွင့်လှစ်မည်ဆိုပါက ကုန်ကျစရိတ်အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိရှိနိုင်သည်ဟု အမေရိကန်မီဒီယာများက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဂြိုဟ်တု ၂၄ စင်း လွှတ်တင်ခဲ့



ဝါရှင်တန် ဇူလိုင် ၁၈

Amazon ကုမ္ပဏီ၏ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၂၄ စင်းကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဇူလိုင် ၁၆ ရက်က လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

ပရောဂျက်ကွီပါဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၆ မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ပရောဂျက်ကွီပါဂြိုဟ်တု ၂၄ စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက် မစ်ရှင်ဖြင့် လွှတ်တင်ခဲ့သော ပရောဂျက်ကွီပါ ဂြိုဟ်တု ၂၄ စင်းသည် Amazon ကုမ္ပဏီအတွက် တတိယအသုတ် ပရောဂျက်ကွီပါ ဂြိုဟ်တုများဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပထမအသုတ်နှင့် ဒုတိယအသုတ် ပရောဂျက်ကွီပါဂြိုဟ်တုများကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံများဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုကွန်ရက်ကို ဂြိုဟ်တုအစင်း ၃၂၀၀ ဖြင့်ဖွဲ့စည်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## သကြားအစားထိုး ဓာတုပစ္စည်းတစ်မျိုးကြောင့် လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်

နယူးယောက် ဇူလိုင် ၁၈

ကာဗိုဟိုက်ဒရိတ်လျှော့ချထားသည့် အစားအစာများ၌ ထည့်သွင်းလေ့ရှိသော Erythrito ခေါ် သကြားအစားထိုး ဓာတုပစ္စည်းတစ်မျိုးကြောင့် လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ Erythrito ကြောင့် ဦးနှောက်သွေးကြောများအတွင်းရှိ ဆဲလ်များပြောင်းလဲသွားနိုင်ပြီး လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိရသည်။

Erythrito ခေါ် သကြားအစားထိုးဓာတုပစ္စည်းသည် ကယ်လိုရီမပါသလောက်နည်းပါး၍ သကြားအချိုဓာတ်၏ ၈၀ ရာခိုင်နှုန်းထိ အချိုဓာတ်ရှိပြီး အင်ဆူလင်ဟော်မုန်းတုံ့ပြန်နိုင်စွမ်းအပေါ် အကျိုးသက်ရောက်မှု နည်းပါးသည့် သကြားအစားထိုး ပစ္စည်းဖြစ်ကြောင်း သိရသည်။

အထက်ပါ ဂုဏ်သတ္တိများကြောင့် Erythrito သကြားအစားထိုးဓာတုပစ္စည်းကို ကိုယ်အလေးချိန်လျှော့ချနေသူများ၊ သွေးအတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ကို ထိန်းချုပ်နေသူများက သုံးစွဲတတ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Erythrito သကြားဓာတ်စုစည်းမှုအဆင့်မြင့်မားခဲ့ပါက ဦးနှောက်သွေးကြောများ ကျဉ်းမြောင်းလာတတ်ပြီး လေဖြတ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## ပလူတိုဂြိုဟ်သိမ်၏ နေပတ်လမ်းအလွန်တွင်တည်ရှိနေသည့် အရွယ်အစားကြီးမားသော အာကာသဒြပ်ထည်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



တိုကျို ဇူလိုင် ၁၈

ပလူတိုဂြိုဟ်သိမ်၏ နေပတ်လမ်းအလွန်တွင် တည်ရှိနေသည့် အရွယ်အစား ကြီးမားသော အာကာသဒြပ်ထည်တစ်ခုကို ဂျပန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

2023 KQ 14 အမည်ရှိ အဆိုပါ အာကာသဒြပ်ထည်သည် အရွယ်အစားအားဖြင့် အချင်း ၁၃၆ မိုင်နှင့် ၂၃၆ မိုင်ကြားတွင်ရှိကြောင်း ဂျပန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသဒြပ်ထည်သည် နေကို ရှည်မျောမျောပတ်လမ်းဖြင့် လှည့်ပတ်နေမှုကြောင့် ၎င်းအာကာသဒြပ်ထည်နှင့် နေတို့ကြား အနီးဆုံးမှတ်မှာ နေနှင့် ကမ္ဘာကြားအကွာအဝေး၏ ၇၁ ဆ ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

2023 KQ 14 ကို အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းအခြေစိုက် ဆူအာရုရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

2023 KQ 14 အာကာသဒြပ်ထည်၏ ထူးဆန်းသည့်ပတ်လမ်းအနေအထားအရ နေအဖွဲ့အစည်းအပြင်စည်းနယ်မြေများမှာ မျှော်လင့်ထားသည်ထက် ပို၍ရှုပ်ထွေးကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

2023 KQ 14 အာကာသဒြပ်ထည်သည် နေအဖွဲ့အစည်း စတင်ဖွဲ့စည်းတည်ဆောက်ချိန် လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံခန့်က ဂြိုဟ်ငယ်တစ်စင်းအဖြစ် ပေါ်ထွက်လာခဲ့သည့် အာကာသဒြပ်ထည်ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အမေရိကန်၌ ကိုယ်အလေးချိန်လွန်ကဲမှုနှင့် ဆက်စပ်နေသော ကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးမှုနှုန်း မြင့်တက်လာ

နယူးယောက် ဇူလိုင် ၁၈

အမေရိကန်၌ အဝလွန်ပြီး ကိုယ်အလေးချိန် လွန်ကဲမှုနှင့် ဆက်စပ်နေသော ကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးမှုနှုန်းလည်း သုံးဆမြင့်တက်လာရကြောင်း အမေရိကန်သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၇ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပြီးခဲ့သည့် နှစ် ၂၀ အတွင်း အမေရိကန်နိုင်ငံ၌ ကိုယ်အလေးချိန်လွန်ကဲမှုနှင့်ဆက်စပ်နေသောကင်ဆာရောဂါများကြောင့် သေဆုံးမှုနှုန်းမှာ သုံးဆတိုးလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ၁၉၉၉ ပြည့်နှစ်ကာလအတွင်းက ကိုယ်အလေးချိန်လွန်ကဲမှုနှင့်ဆက်စပ်နေသည့် ကင်ဆာရောဂါများကြောင့် လူတစ်သန်းလျှင် ၃ ဒသမ ၇ ဦးနှုန်းသာ သေဆုံးခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် လူတစ်သန်းလျှင် ၁၃ ဒသမ ၅ ရာခိုင်နှုန်းထိ သေဆုံးခဲ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ နှစ်ပေါင်း ၂၀ အတွင်း ကိုယ်အလေးချိန်လွန်ကဲမှုနှင့်ဆက်စပ်နေသော ကင်ဆာရောဂါများကြောင့် သေဆုံးမှုနှုန်း သုံးဆတိုးလာမှုသည် အဝလွန်မှုပြဿနာမြင့်တက်လာမှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၆ စင်း လွှတ်တင်ခဲ့

ဝါရှင်တန် ဇူလိုင် ၁၈

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၆ စင်းကို ဇူလိုင် ၁၆ ရက်က လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

နောက်တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ယူသွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

ဇူလိုင် ၁၆ ရက်မစ်ရှင် အောင်မြင်မှုကြောင့် Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ လုပ်ငန်းလည်ပတ်နေသည့် ဂြိုဟ်တုအစင်းရေ ၇၉၅၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုအစင်း ၁၂၀၀၀ ဖြင့် တည်ဆောက်ခွင့်ရထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# လူငယ်ကစားသမား နိုင်ပန်ကို မန်စီးတီးအသင်း ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်ကြေညာ

**မန်ချက်စတာ ဇူလိုင် ၁၈**

မန်စီးတီးအသင်းသည် ရိုစင်ဘော့ လူငယ်ကွင်းလယ်ကစားသမား နိုင်ပန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

မန်စီးတီးအသင်းသည် ဥရောပတွင် ထိပ်တန်းအဆင့်ခြေစွမ်းရှိသည့် အသက် ၁၈ နှစ်ရှိ ကွင်းလယ်ကစားသမား နိုင်ပန်ကို ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်အသင်း၊ အေဗီလာအသင်းတို့နှင့် အပြိုင် ကြိုးပမ်းခဲ့ရပြီးနောက် ကစားသမားကိုယ်တိုင်က နည်းပြ ဂွါဒီယိုလာနှင့် ဆွေးနွေးမှုအပြီးတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

လူငယ်ကစားသမား နိုင်ပန်သည် ရိုစင်ဘော့အသင်းနှင့်အတူ ၁၅ နှစ် ၃၂၂ ရက်ကတည်းက စီနီယာအသင်းကြီး၌ ပွဲထွက်ခွင့်ရခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် အာဆင်နယ်အသင်းက ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း အောင်မြင်မှုမရခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် နော်ဝေနိုင်ငံသား နိုင်ပန်ကို ခေါ်ယူနိုင်ခဲ့သဖြင့် အသင်းတွင် တစ်နိုင်ငံတည်းသား တိုက်စစ်မှူး ဟာလန်း၊ အော်စကာဘော့ တို့နှင့်အတူ တတိယမြောက် နော်ဝေကစားသမားဖြစ်လာခဲ့ပြီး အသင်းအနေဖြင့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း၊ ချာကီ၊ ရိုင်ဒါးစ်၊ ဘက်တင်နယ်လီနှင့် နိုင်ပန်အပါအဝင် ကစားသမား ငါးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ **Ref : Espn**

**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က ၂၀၁၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဘောလုံးပြိုင်ပွဲအတွင်း ပရိသတ်သေဆုံးမှုရှိခဲ့သောကြောင့် အဝေးကွင်းပရိသတ်များကို ၁၂ နှစ်ကြာ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် လက်ရှိအချိန်တွင် အဆိုပါပွဲပယ်ပြစ်ဒဏ်ကို ဖျက်သိမ်းပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းက ရာသီအကြိုအမေရိကခရီးစဉ်ပြီးဆုံးပါက အသင်းလေ့ကျင့်ရေးကွင်းကို စတာလင်ပေါင် သန်း ၅၀ ထိ အသုံးပြု၍ လာမည့်လအတွင်း ပြန်လည်ပြင်ဆင်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက လူငယ်တိုက်စစ်မှူး ယာမယ်ကို ဂန္တဝင်တိုက်စစ်မှူး မက်ဆီ၏ ကျောနံပါတ် ၁၀ ဝတ်ဆင်ကစားခွင့်ပြုခဲ့ပြီးနောက် အကျီရောင်းချမှုပြုလုပ်ခဲ့ရာ တစ်ရက်အတွင်း အကျီ ၇၀၀၀၀ ထိ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းက ချဲလ်ဆီးကစားသမား မက်ဒူခီကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် ကစားသမားအနေဖြင့် အသင်းတွင် ကျောနံပါတ် ၂၀ ကို ဝတ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ML**

# အမျိုးသမီးယူရိုပြိုင်ပွဲတွင် ဆွီဒင်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့သည့် အင်္ဂလန်အသင်း ဆီမီးဖိုင်နယ်တက်ရောက်




**လန်ဒန် ဇူလိုင် ၁၈**

အမျိုးသမီး ယူရို၂၀၂၅ ကွာတားဖိုင်နယ်အဆင့်တွင် ဆွီဒင်အသင်းနှင့် လက်ရှိချန်ပီယံ အင်္ဂလန်အသင်းတို့တွေ့ဆုံခဲ့ရာ အင်္ဂလန်အသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုးနှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကွာတားဖိုင်နယ်အဆင့်တွင် ဆွီဒင် အမျိုးသမီးအသင်းသည် အင်္ဂလန် အမျိုးသမီးအသင်းကို ပွဲစကတည်းက ထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ပွဲချိန် နှစ်မိနစ်ကတည်းက အက်စလာနီ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၂၅ မိနစ်အရောက်တွင်လည်း ဘလက်စတန်းနီးယက်စ်က ဒုတိယဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အင်္ဂလန်အသင်း ချေပဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် ဆွီဒင်အသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်ကစားရန် ကြိုးပမ်းလာသဖြင့် အင်္ဂလန်အသင်း၏ ဖိအားပေးမှုများကို ဆက်တိုက်ခံရကာ ပွဲကစားချိန် ၇၉ မိနစ်နှင့် ၈၁ မိနစ်တို့တွင် နောက်ကျချေပဂိုးများ ရယူ၍ အင်္ဂလန်အသင်း အကောင်းဆုံး ပြန်လာနိုင်သောကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေး ကြိုးပမ်းလာခဲ့ပြီး အင်္ဂလန်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့သော်လည်း ထိရောက်သည့် ခြိမ်းခြောက်မှုမလုပ်နိုင်ခဲ့သောကြောင့် ပင်နယ်တီအဆုံးအဖြတ်သို့ရောက်ရှိခဲ့ပြီး ပင်နယ်တီတွင် အင်္ဂလန်အသင်းက စတင်ကန်သွင်းခွင့်ရခဲ့ကာ ခုနစ်ကြိမ်တွင် လေးကြိမ်ဂိုးရခဲ့သော်လည်း ဆွီဒင်အသင်းက ခုနစ်ကြိမ်ကန်သွင်းခဲ့ရာတွင် သုံးကြိမ်သာ ဂိုးရခဲ့သဖြင့် လေးဂိုး သုံးဂိုးဖြင့် အင်္ဂလန်အသင်းက နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ **Ref : Fotmob**

**Trs : ML**

# The Open Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ပြိုင်ပွဲဝင် ငါးဦး ပူးတွဲဦးဆောင်

**အီဒင်ဘာ့ဂ် ဇူလိုင် ၁၈**

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် ဂေါက်သီးရိုက် လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သော The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြိုင်ပွဲဝင် ငါးဦးက သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ဘီဇူဒန်ဟောက်၊ အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဖစ်ဇ်ပက်ထရစ်၊ တရုတ် ဂေါက်သီးရိုက် ကစားသမား လီဟောက်တန်၊ အမေရိကန် ဂေါက်သီးရိုက် ကစားသမား အင်ဂလိစ်နှင့် ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား အိုလီဆန်တို့က အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နိုင်ခွင့်ရခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာနှင့် ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့သည်လည်း ပထမနေ့တွင် ရလဒ်ကောင်းခဲ့ကြသည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် စကော့တီရှက်ဖလာနှင့် မက်အီလ်ရွိုင်းတို့သည် ပထမနေ့တွင် အမှားအယွင်းတချို့ရှိခဲ့သော်လည်း ရေပန်းစားနေသည့်အတိုင်း ချန်ပီယံဆုအတွက် စိန်ခေါ်နိုင်သည့် အခွင့်အရေးကောင်းကို ပိုင်ဆိုင်ထားကြသည်။

မက်အီလ်ရွိုင်းက "ပထမနေ့မှာ ရလဒ်အကောင်းဆုံးကြီး မဟုတ်ပေမဲ့လဲ လွန်ခဲ့တဲ့ ခြောက်နှစ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့စဉ်ကစားနိုင်ခဲ့တဲ့ ပထမနေ့ကအခြေအနေထက် ပိုကောင်းခဲ့ပါတယ်။ ပထမနေ့ရဲ့ ပထမကျင်းမှာ Bogey နဲ့စခဲ့တာ သိပ်ပြီးတော့ မပျော်ပေမဲ့လဲ တစ်ရက်လုံး အတိုင်းအတာနဲ့ ပြန်ကြည့်ရင်တော့ ရလဒ်ကောင်းခဲ့တယ်လို့ ပြောရမယ်။ ကစားရခက်တဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ပြိုင်ပွဲဝင်တွေအားလုံးနီးပါးလဲ ရလဒ်ကောင်းဖို့အတွက် ရုန်းကန်ခဲ့ကြရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# အမျိုးသမီးဘောလုံးသမိုင်းတစ်လျှောက် ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားအဖြစ် အိုလီဗီယာစမစ် မှတ်တမ်းဝင်

**လန်ဒန် ဇူလိုင် ၁၈**

လက်ရှိအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အမျိုးသမီးအသင်းက လီဗာပူးအမျိုးသမီးအသင်းမှ အိုလီဗီယာစမစ်ကို စံချိန်တင် ပြောင်းရွှေ့ကြေး စတာလင်ပေါင်တစ်သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် အမျိုးသမီးဘောလုံးသမိုင်း တစ်လျှောက်တွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။




အသက် ၂၀ သာရှိသေးသည့် ကနေဒါနိုင်ငံသူ အိုလီဗီယာစမစ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က လီဗာပူးအသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် အင်္ဂလန်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ၂၅ ပွဲကစားခဲ့ရာ ကိုးဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည်ထိ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အာဆင်နယ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံဆုများကို စိန်ခေါ်နိုင်ရန်အတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ကစားသမား အင်အားဖြည့်တင်းမှုများ လုပ်ဆောင်နေပြီး လက်ရှိတွင် အိုလီဗီယာစမစ်ကို စံချိန်တင် ပြောင်းရွှေ့ကြေးတစ်ရပ် အသုံးပြုခေါ်ယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် အိုလီဗီယာစမစ်တို့ စာချုပ်ချုပ်ဆိုစဉ်က စာချုပ်ဖျက်သိမ်းကြေးကို လီဗာပူးအသင်းက စတာလင်ပေါင်တစ်သန်းထည့်သွင်းချုပ်ဆိုထားပြီး ယခုအခါ အာဆင်နယ်အမျိုးသမီးအသင်းက စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် တစ်သန်းထိ ပေးချေ၍ ခေါ်ယူခဲ့သောကြောင့် အမျိုးသမီး ဘောလုံးလောကတွင် ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# အာဆင်နယ်အသင်းက စပါးအသင်းနှင့်ခြေစမ်းပွဲစဉ်ကို အိမ်ကွင်း အမ်မရိတ်အားကစားကွင်းတွင် တိုက်ရိုက်ပြသသွားမည်




**လန်ဒန် ဇူလိုင် ၁၈**

အာဆင်နယ်အသင်းက ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ်ကစားမည့် လန်ဒန်မြို့ခံပြိုင်ဘက် စပါးအသင်းနှင့်ကစားမည့်ပွဲစဉ်ကို အသင်းအိမ်ကွင်း အမ်းမရိတ်အားကစားကွင်းတွင် တိုက်ရိုက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ရာသီကြိုခြေစမ်းပွဲခရီးစဉ်အတွင်း အာရှဒေသတွင်းဖြစ်သည့် ဟောင်ကောင်၌ လာမည့် ဇူလိုင် ၃၁ ရက်တွင် လန်ဒန်မြို့ခံပြိုင်ဘက်အသင်းတစ်သင်းဖြစ်သည့် စပါးအသင်းနှင့် ကစားသွားမည်ဖြစ်သည်။

အာဆင်နယ်အသင်းက စပါးအသင်းနှင့်ကစားမည့် ရာသီကြိုခြေစမ်းပွဲစဉ်ကို အသင်းပရိသတ်များ တိုက်ရိုက်ကြည့်ရှုနိုင်စေရန်အတွက် အသင်းအိမ်ကွင်း အမ်းမရိတ် အားကစားကွင်းကြီးတွင် Screen ဖြင့် တိုက်ရိုက်ပြသသွားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို အာဆင်နယ်အသင်း က အခမဲ့ပြသမည်မဟုတ်ဘဲ လူကြီးပရိသတ်များအတွက် လက်မှတ်ခများကို စတာလင်ပေါင် ငါးပေါင် သတ်မှတ်ထားပြီး ကလေးပရိသတ်များအတွက် စတာလင်ပေါင် ၂ ဒသမ ၅၀ ပေါင် သတ်မှတ်ထားခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ရာသီကြိုခြေစမ်းပွဲခရီးစဉ်အတွင်း စပါးအသင်းနှင့် ပွဲစဉ်မတိုင်မီ အေစီမီလန်အသင်း၊ နယူးကာဆယ်အသင်းတို့နှင့်ကစားသွားမည်ဖြစ်ပြီး စပါးအသင်းနှင့်ပွဲစဉ်အပြီးတွင် မန်ယူအသင်းနှင့် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Football London

Trs : STA

# တင်းနစ်ကစားသမားဘဝမှ အနားယူလိုက်ပြီဟု တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာ ထုတ်ပြန်

**တူးနစ် ဇူလိုင် ၁၈**

တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာသည် ဒဏ်ရာပြဿနာများဖြင့် မကြာခဏ ရင်ဆိုင်လာခဲ့ရပြီးနောက် တင်းနစ်မယ်ဘဝကို စွန့်လွှတ်ကာ ဘဝစာမျက်နှာအသစ် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၃၀ နှစ်အရွယ် အွန်ဂျပ်ဘာသည် ဂရန်းစလန်းဆုဖလားသုံးလုံးဆွတ်ခူးခဲ့ဖူးသည့် တင်းနစ်မယ်ဖြစ်ပြီး ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်ကို ပထမဆုံးအကြိမ်တက်ရောက်ခဲ့ဖူးသော အာရပ်တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ကို နှစ်ကြိမ်တိုင်တိုင် တက်ရောက်ခဲ့ဖူးသည့် တင်းနစ်မယ်တစ်ဦးလည်းဖြစ်ပြီး ကမ္ဘာ့အဆင့်(၂)နေရာထိ အမြင့်ဆုံး တက်ရောက်ခဲ့ဖူးသူလည်းဖြစ်သည်။

တင်းနစ်လောကတွင် မှတ်တမ်းကောင်းများ ရရှိပိုင်ဆိုင်ခဲ့သူ အွန်ဂျပ်ဘာအနေဖြင့် တင်းနစ်လောကကို စွန့်ခွာချိန်တန်ပြီဖြစ်သလို ဘဝစာမျက်နှာအသစ် ဖွင့်လှစ်သွားရန် ဆုံးဖြတ်လိုက်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အွန်ဂျပ်ဘာက “ပြီးခဲ့တဲ့နှစ်နှစ်တာ ကာလအတွင်းမှာ ကျွန်မအနေနဲ့ ဒဏ်ရာပြဿနာတွေနဲ့ မကြာခဏရင်ဆိုင်ခဲ့ရတယ်။ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လို့လဲ ကိုယ့်ကိုယ်ကိုယ် ဖိအားတွေပေးပြီးတော့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒဏ်ရာပြဿနာတွေကနေ မလွတ်မြောက်နိုင်ခဲ့ဘူး။ အခုချိန်မှာတော့ ကျွန်မအနေနဲ့ တင်းနစ်ကစားသမားဘဝကိုစွန့်လွှတ်ပြီး ပျော်ရွှင်စရာကောင်းတဲ့ ဘဝစာမျက်နှာသစ်ကို ဖွင့်လှစ်ဖို့အချိန်တန်ပြီလို့ စဉ်းစားမိပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ချဲလ်ဆီးအသင်းက ရီနာတိုဗီဂါနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ကင်မင်ဂျေးတို့ကို ကစားသမားချင်း အလဲအထပ်လုပ်ဆောင်ရန် ကမ်းလှမ်း

**လန်ဒန် ဇူလိုင် ၁၈**

ချဲလ်ဆီးအသင်းက အသင်းမှ ခံစစ်ကစားသမား ရီနာတိုဗီဂါနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ကင်မင်ဂျေးတို့ကို ကစားသမားချင်း အလဲအထပ် လုပ်ဆောင်ရန်အတွက် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သည်။

အသက် ၂၁ နှစ်ရှိ ရီနာတိုဗီဂါသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က ဘေဆယ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်း၌ ရာသီဝက်သာ ကစားခွင့်ရရှိခဲ့ပြီး ပြီးခဲ့သည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းမှ ဂျူဗင်တပ်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ရီနာတိုဗီဂါသည် ဂျူဗင်တပ်အသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ချဲလ်ဆီးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့သော်လည်း ၎င်းအနေဖြင့် နည်းပြမာရက်စ်ကာ၏ အနာဂတ်အစီအစဉ်တွင် ပါဝင်ခြင်း မရှိသည့်အတွက် ချဲလ်ဆီးအသင်းက ကင်မင်ဂျေးနှင့် ကစားသမားချင်း အလဲအထပ်လုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အလားတူ ကင်မင်ဂျေးသည်လည်း ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က နာပိုလီအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ကြိုးပမ်းနေသောကြောင့် ချဲလ်ဆီးအသင်းက ရီနာတိုဗီဂါနှင့် ကစားသမားချင်း အလဲ အထပ်လုပ်ဆောင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အူဒီးနီးစ်အသင်း တိုက်စစ်မှူး လိုရန်ဇိုလူကာကို နာပိုလီအသင်း အငှားစာချုပ်ဖြင့်ခေါ်ယူ




**ရောမ ဇူလိုင် ၁၈**

နာပိုလီအသင်းသည် တိုက်စစ်မှူး နိုအာလန်းကို ခေါ်ယူခဲ့ပြီးနောက် ယနေ့တွင် အူဒီးနီးစ်အသင်း တိုက်စစ်မှူး လိုရန်ဇိုလူကာကို အပြီးသတ်ဝယ်ယူခွင့် ပါရှိသည့် တစ်ရာသီအငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး လိုရန်ဇိုလူကာနှင့် နာပိုလီအသင်းတို့ကြား သဘောတူညီမှုတွင် တစ်ရာသီအငှားစာချုပ် ကုန်ဆုံးပါက လူကာအနေဖြင့် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဖြင့် အပြီးသတ်ပြောင်းရွှေ့ရမည်ဖြစ်သည်။

နာပိုလီအသင်းသည် စီးရီးအေ ချန်ပီယံဆုအား ဘောလုံးရာသီသုံးရာသီအတွင်း ဒုတိယအကြိမ် ရရှိခဲ့ပြီးနောက် လာမည့်နှစ်ဘောလုံးရာသီတွင်လည်း ချန်ပီယံဆုကို ကာကွယ်နိုင်ရန်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလအတွင်း အသင်းတိုက်စစ်ပိုင်းကို ထပ်မံဖြည့်တင်းရန် ကြိုးပမ်းခဲ့ပြီး မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဒီဘရိုင်း၊ တိုက်စစ်မှူး နိုအာလန်းတို့ကိုလည်း ခေါ်ယူနိုင်ခဲ့ကာ လူကာသည် လေးယောက်မြောက် ကစားသမား ခေါ်ယူမှု ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နာပိုလီအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ စတင်ကတည်းက လီဗာပူးအသင်းမှ တိုက်စစ်မှူး နူနက်ကိုခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့သော်လည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ထက်ပိုပေးချေရန် ဆန္ဒမရှိသဖြင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရပြီးနောက် တိုက်စစ်မှူးနှစ်ဦး ထပ်မံခေါ်ယူခဲ့သကဲ့သို့ လက်ရှိတွင် ငါးယောက်မြောက် ကစားသမား ခေါ်ယူရန်အတွက် ဘိုလော့နာအသင်း ဗဟိုခံစစ်ကစားသမား ဘူကီမာကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ဆေးစစ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : Football Italia

Trs : ML

# ဂိုးသမားတာစတီဂန် ဒဏ်ရာခွဲစိတ်ကုသမှုကြောင့် လေးလခန့်အနားယူရမည်ဟု ဘာစီလိုနာထုတ်ပြန်

**ဘာစီလိုနာ ဇူလိုင် ၁၈**

ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂန်သည် နောက်ကျောဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် လေးလခန့် အသင်းနှင့် ပူးပေါင်းနိုင်မည် မဟုတ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

ဂိုးသမား တာစတီဂန်သည် နောက်ကျောဒဏ်ရာ ရရှိနေသည်မှာ ကာလကြာမြင့်ခဲ့ပြီးနောက် ဒဏ်ရာမှာ ၎င်း၏ စွမ်းဆောင်ရည်ကို အဟန့်အတားဖြစ်နေသဖြင့် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့သောကြောင့် လေးလခန့် အနားယူရမည်ဖြစ်ပြီး လာမည့်ရာသီကြိုခြေစမ်းပွဲများအပါအဝင် အသင်း၏ ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

တာစတီဂန်သည် အသင်းသို့ ဂိုးသမား ဂါစီယာ ပြောင်းရွှေ့လာပြီးနောက်ဦးစားပေးဂိုးသမားနေရာအတွက် အခက်အခဲရှိလာသဖြင့် ယခု အပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာရန် ဆန္ဒရှိခဲ့သော်လည်း တရားဝင်ကမ်းလှမ်းလာသည့် အသင်းမရှိသေးသဖြင့် အသင်းတွင် ဆက်လက်နေထိုင်ရန်ဆုံးဖြတ်ခဲ့ပြီး ဒဏ်ရာခွဲစိတ်ကုသမှု ခံယူခဲ့သည်ဟု သတင်းထွက်ပေါ်လျက်ရှိသည်။

ဂိုးသမား တာစတီဂန်သည် ဂျာမနီလက်ရွေးစင် အသင်းနှင့်အတူ လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားတွင်ပါဝင်၍ ဦးစားပေးဂိုးသမားအဖြစ်ကစားနိုင်ရန် မျှော်လင့်ထားသောကြောင့် ဒဏ်ရာသက်သာပျောက်ကင်းပါက လာမည့်နှစ်ဒုတိယရာသီဝက်ကာလတွင် ပုံမှန်ကစားနိုင်မည်ဖြစ်ပြီး ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် ပုံမှန် ပွဲကစားခွင့်ရရှိနိုင်သည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Getfootball News

Trs : ML

# အာဇာနည်ကြီးများကို အလေးပြု၍ ဦးညွှတ်လိုက်ပါသည်

မန္တလာကိုကိုဝင်း

❖လူငယ်ဘဝကို နိုင်ငံတော်အတွက် အကျိုးရှိစွာအသုံးချရင်း ကွယ်လွန်သွားခဲ့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏အမည်သည် မြန်မာ့သမိုင်းတွင် ဂုဏ်ယူဖွယ်ထင်ရှားနေဆဲဖြစ်သည်။ အာဇာနည်နေ့သို့ရောက်ရှိလေတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကိုအလေးပြုခြင်း၊ သတိတရရှိခြင်းနှင့် အမှုအတန်းပေးဝေခြင်းတို့ကို နှစ်စဉ်ပြုလုပ်လျက်ရှိကြသည်။ သေသူကို ရှင်သူတို့က သတိတရတမ်းတနေကြရသည်မှာ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့်ဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ တပ်မတော်ကို စတင်ဦးဆောင်တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်၏ဖခင်အဖြစ် တပ်မတော်သားတို့က ရိုသေလေးစားနေဆဲဖြစ်သည်။ ❖

မြန်မာ့သမိုင်းတွင် ဝမ်းသာဂုဏ်ယူဖွယ်ကောင်းသည့်နေ့ထူးနေ့မြတ်များရှိသကဲ့သို့ စိတ်မချမ်းမြေ့ဖွယ်နေ့ရက်များလည်းရှိသည်။ အမျိုးသားနေ့၊ တပ်မတော်နေ့၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့စသည်တို့သည် ဝမ်းသာဂုဏ်ယူဖွယ်ကောင်းသည့်နေ့များဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသူ့ကျွန်ဖြစ်ခဲ့ရသောနေ့နှင့် အာဇာနည်တို့သည် အလွန်ပင်ဝမ်းနည်းဖွယ်ကောင်းသည့် နေ့များဖြစ်သည်။ ဝမ်းသာဂုဏ်ယူဖွယ်ကောင်းသည့် နေ့ရက်များဖြစ်ပေါ်လာစေရန် ဦးဆောင်ကြိုးပမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် မသမာသူလူတစ်စု၏ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်းကို ခံလိုက်ရသည်။

နိုင်ငံ့လွတ်လပ်ရေးအတွက် အရှိန်အဟုန်ပြင်းပြစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နေစဉ်အတွင်း လုပ်ကြံခံလိုက်ရသည့်အတွက် လေ့လျော်ရင်း တက်ကျိုးသကဲ့သို့ဖြစ်သွားခဲ့သည်။ မြန်မာ့သမိုင်းတွင် ကနောင်မင်းသားကြီး လုပ်ကြံခံလိုက်ခြင်းသည်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံလိုက်ရခြင်းသည်လည်းကောင်း ကြီးမားသောဆုံးရှုံးမှုနှင့် ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်အလုပ်ဖြင့် သက်သေပြကြသူများဖြစ်ကြသည်။

ကနောင်မင်းသားကြီးသည် နယ်ချဲ့လက်တွင်းကျရောက်နေသော အောက်မြန်မာနိုင်ငံကိုကယ်တင်ရန်အတွက် ခေတ်မီလက်နက်များကို ဆန်းသစ်တီထွင်နိုင်ခဲ့သည်။ ထိုခေတ်ထိုအချိန်အခါက ရေမြှုပ်ဗုံးကို အောင်မြင်စွာတီထွင်နိုင်ခဲ့သည့်အရည်အချင်းမှာ စက်မှုခေတ်ကို အမီလိုက်နိုင်ခြင်းဖြစ်သည်။ ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း နယ်ချဲ့လက်အောက်ကျရောက်နေသည့် မြန်မာနိုင်ငံကို လုံးဝလွတ်လပ်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်။ လူငယ်ဦးရေ ၃၀ ကို ဦးဆောင်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို စတင်ဖွဲ့စည်းကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးသည် တပ်မတော်နှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိနေသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ဤပင်လုံစာချုပ် ချုပ်ဆိုသောနေ့ကို ပြည်ထောင်စုနေ့ဟု မော်ကွန်းတင်နိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း(သခင်အောင်ဆန်း)နှင့်ပတ်သက်၍ ဆရာဇော်ဂျီက "သူ့အစွမ်းကား၊ အခြားမဟုတ်၊ အအုပ်ချုပ်ခံ၊ မျိုးခြားဒဏ်မှ၊ မြန်မာလွတ်လမ်း၊ ခရီးကြမ်းဝယ်၊ ဗန်းပြအလှ၊ ပကာသနကို၊ ပြာချလောင်မြိုက်၊ သူမီးတိုက်၏၊ ခေတ်လိုက်ခါမီ၊ ခေတ်မီပညာ၊ ကြံ့ရာဘဝ၊ မုတလုံလောက်၊ ခံမြို့ဆောက်၏၊ ထို့နောက်တစ်ဆင့်၊ မိုးထိလွင့်အောင်၊ ရိုးကျင့်မြင့်ကြံ၊ သူ့အလံတည့်၊ ပျံတလူလူ၊ သူထူခဲ့ကြောင်း"ဟူ၍ သခင်အောင်ဆန်းတရားကဗျာတွင် ရေးသားဖော်ပြထားသည်။ အမှန်တကယ်တော့ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးချိန်က အသက်အားဖြင့်ပြောရပါလျှင် ၃၂ နှစ်မျှသာရှိသေးသည့် လူငယ်၊ လူရွယ်မျှသာဖြစ်သည်။

လူငယ်ဘဝကို နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချရင်း ကွယ်လွန်သွားခဲ့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏အမည်သည် မြန်မာ့သမိုင်းတွင် ဂုဏ်ယူဖွယ်ထင်ရှားနေဆဲဖြစ်သည်။ အာဇာနည်နေ့သို့ ရောက်ရှိလေတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ သတိတရရှိခြင်းနှင့် အမှုအတန်းပေးဝေခြင်းတို့ကို နှစ်စဉ်ပြုလုပ်လျက်ရှိကြသည်။ သေသူကိုရှင်သူတို့က သတိတရတမ်းတနေကြရသည်မှာ နိုင်ငံအတွက် စွန့်လွှတ်စွန့်စားစိတ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ တပ်မတော်ကို စတင်ဦးဆောင် တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်၏ဖခင်အဖြစ် တပ်မတော်သားတို့က ရိုသေလေးစားနေဆဲဖြစ်သည်။ တပ်မတော်သားတို့ နေ့စဉ်ရွတ်ဆိုနေရသောသစ္စာလေးချက်တွင် "ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်"ဟူ၍ နေ့စဉ်ကတိပြုလျက်ရှိသည်။ တပ်မတော်တစ်ရပ် ခိုင်မတ်စွာရှိနေသည့်အတွက်လည်း မြန်မာနိုင်ငံသည် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကျဆုံးခဲ့သည့် ဇူလိုင် ၁၉ ရက်သို့ရောက်ရှိလေတိုင်း တစ်နိုင်ငံလုံး ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံကို တိုင်ဝက်သို့ချကာ လွှင့်ထူသည်။ ထိုသို့လွှင့်ထူထိုက်အောင်လည်း သူတို့သည် နိုင်ငံ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ ကျဆုံးလေပြီးသော အာဇာနည်များကိုဖော်ပြရမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးဘဝင်း၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ ဖြစ်ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်များကျဆုံးသွားအောင် လုပ်ကြံမှုတွင် ဦးဆောင်ခဲ့သူမှာ ဂဠုန်ဦးစောဖြစ်သည်။ နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနှင့်အဖွဲ့၏ လုပ်ကြံမှုကြောင့် မြန်မာ့သမိုင်းတွင် အာဇာနည်နေ့ ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံသားအားလုံး စိတ်မချမ်းမြေ့ဖွယ်ဖြစ်ခဲ့ရသည်။ အဆိုပါလုပ်ကြံမှုနှင့်ပတ်သက်၍ နက်ရှိုင်းစွာတွေးတောဆင်ခြင်ကြည့်ပါက ဦးစောသည် အဓိကတရားခံဖြစ်သော်လည်း သူ့နောက်တွင် ဒါရိုက်တာအဖြစ် ညွှန်ကြားစေခိုင်းကူညီပံ့ပိုးသူမှာ အင်္ဂလိပ်နယ်ချဲ့တို့ဖြစ်သည်။ အာဇာနည်များကျဆုံးချိန်တွင် မြန်မာနိုင်ငံကို မြန်မာတို့အုပ်ချုပ်သည့်အချိန်မဟုတ်သေးပေ။ နယ်ချဲ့တို့ အုပ်ချုပ်နေသည့်အချိန်ဖြစ်သည်။ အလွန်ပင်စည်းကမ်းစနစ်ကျလှပါသည်ဆိုသော နယ်ချဲ့အင်္ဂလိပ်တို့အနေဖြင့် လက်နက်ပေါင်း ၂၀၀ ကျော်ကို လိမ်လည်ထုတ်ယူခံလိုက်သည်မှာ ထင်ရှားသည့် သဲလွန်စဖြစ်သည်။ မဖြစ်နိုင်သောအနေအထား၊ သို့မဟုတ် တမင်သက်သက် ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။ ထို့ပြင် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတွင် ဒုတိယခေါင်းဆောင်ဖြစ်ပေရာ အစည်းအဝေးကျင်းပသည့် နေရာတစ်ဝိုက်တွင် လုံလောက်သောလုံခြုံရေးများ ချထားပေးသင့်ပါလျက် မပေးဘဲထားခြင်းမှာလည်း ထင်ရှားသောအချက်ဖြစ်သည်။

အတိတ်ကဖြစ်ပျက်ခဲ့သောအကြောင်းအရာများမှာ ပြန်လည်ပြုပြင်၍ မရနိုင်တော့ပေ။ သို့သော် အသိတရားဖြင့် သတိထားနိုင်ရန်တော့ လိုအပ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကို ချစ်ခင်လေးစားလျှင်၊ ရိုသေလျှင် သူတို့ကဲ့သို့ နိုင်ငံချစ်စိတ်ရှိကြရမည်ဖြစ်သည်။ နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်မရှိဘဲနှင့် နိုင်ငံ့လွတ်လပ်ရေးကို ကြိုးပမ်းရယူနိုင်မည်မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် အပြောနှင့်အလုပ် ထပ်တူကျအောင်လုပ်ဆောင်နိုင်သူဖြစ်သည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိစေရမည်ဟု ရည်ရွယ်ချက်ကြီးမားစွာထားရှိလုပ်ဆောင်ခဲ့သော်လည်း လွတ်လပ်ရေးကြိုးပမ်းနေစဉ် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသားသစ္စာဖောက်များနှင့် သစ္စာဖောက်အားပေးနယ်ချဲ့တို့၏ စီမံလုပ်ကြံမှုကြောင့် ကျဆုံးသွားခဲ့ရသည်။

ဗိုလ်ချုပ်အောင်ဆန်းသာရှိခဲ့လျှင်ဟူသော မျှော်လင့်ချက်အတွေးကို ကျွန်တော်တို့ငယ်ငယ်ကတွေးခဲ့ဖူးသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖြူစင်သောစေတနာ၊ တည်ကြည်သောသမာဓိဖြင့် တစ်သက်တွင် တစ်ခါမှမကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံး ထူးထူးကဲကဲစည်းလုံးညီညွတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ လွန်စွာအရေးကြီးလှသည်။ ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းက မီးမောင်းထိုးပြသွားခဲ့သည်။ ယနေ့မြန်မာနိုင်ငံတွင် ဒို့တာဝန်အရေးသုံးပါးဟူသော အမျိုးသားရေးသတ်မှတ်ချက်မှာ ဗိုလ်ချုပ်အောင်ဆန်းက အခြေခံလာခြင်းဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့မှာ ကမ္ဘာတည်သရွေ့၊ မြန်မာနိုင်ငံရှိနေသရွေ့ အလေးအနက်ထားလိုက်ပါလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့ကြသူများ၏ ကြိုးပမ်းအားထုတ်မှုကို အစဉ်အမြဲမမေ့နိုင်သလို လွတ်လပ်ရေးကို ခိုင်မာတည်တံ့အောင် ထိန်းသိမ်းလုပ်ဆောင်ကြရမှာလည်း မျိုးဆက်သစ်အဆက်ဆက်တို့၏ တာဝန်ဖြစ်သည်။ ယနေ့လူငယ်များအနေဖြင့် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းဆွတ်တမ်းတနေရုံဖြင့် ကျေနပ်နှစ်သိမ့်မနေကြဘဲ သူတို့လို နိုင်ငံနှင့်လူမျိုးကိုချစ်သည့် စိတ်ဓာတ်မွေးမြူထားရှိရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၊ တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး၌ နောက်ဆုံးမိန့်ခွန်းပြောကြားခဲ့သည်။ အဆိုပါမိန့်ခွန်းတွင် လွတ်လပ်ရေးနှင့်ပတ်သက်၍ "လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ကဘာလဲ၊ လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက်ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးလုံးကောင်းစားဖို့ဖြစ်စေ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ အခြားလူတွေရဲ့အကျိုးကို မထိခိုက်ဘဲနဲ့ လွတ်လွတ်လပ်လပ်ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာဟာ လွတ်လပ်ရေးပဲ"ဟု မိန့်ကြားခဲ့သည်။

လွတ်လပ်ရေးနှင့်ပတ်သက်၍ "ဒီတော့လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလဲ နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လဲပဲ စည်းကမ်းရှိရှိနဲ့လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကိုနားလည်ပြီး စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ကြမှလွတ်လပ်ရေးဆိုတာ တကယ်ရမယ်"ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်သားများ၊ မျိုးချစ်စိတ်ဓာတ်ရှိသူများကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာတွင် ထည်ဝါခံ့ညားစွာ ရပ်တည်နေနိုင်ပြီဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုတွင် စည်းကမ်းရှိရန်လိုအပ်သကဲ့သို့ လွတ်လပ်ရေးကြီး တည်တံ့ခိုင်မြဲအောင်လည်း စည်းကမ်းရှိကြရမည်ဖြစ်သည်။ စည်းကမ်းရှိမှ တိုးတက်မည်ဟူသောစကားသည် အမြဲတမ်းမှန်ကန်နေသည့်လမ်းညွှန်ချက်ဖြစ်သည်။ ယခုနှစ်ကျရောက်သည့် အာဇာနည်နေ့တွင် နိုင်ငံသားအားလုံးအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားသည်ဆိုပါလျှင် ၎င်းတို့ရယူပေးခဲ့သော လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကာ ဦးညွှတ်နေရုံဖြင့် တာဝန်ကျေပွန်သည်ဟု မခံယူသင့်သေးပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

**- အာဇာနည်နေ့အမှတ်တရစာအုပ်(၂၀၁၉)။**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပစ်လွှတ်ပြီး ရန်သူ့ဒရုန်းများကို တစ်မိနစ်အတွင်း တိုက်ခိုက်နိုင်မည့် Gobi ဒရုန်းသစ်တစ်မျိုးကို ပြင်သစ်က မိတ်ဆက်



ပြင်သစ်နိုင်ငံ နည်းပညာကုမ္ပဏီသစ် Harmattan AI က ပစ်လွှတ်ပြီး ရန်သူ့မောင်းသူမဲ့လေယာဉ်များ (UAV)၊ ဒရုန်းများကို တစ်မိနစ်အတွင်း ကြားဖြတ်၊ တိုက်ခိုက်ဖျက်ဆီးနိုင်မည့် Gobi ဟုခေါ်သော မြန်နှုန်းမြင့်ဒရုန်းသစ်တစ်မျိုးကို မိတ်ဆက်ပြသခဲ့ကြောင်း The Next Gen Defense သတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဒရုန်းသည် သမားရိုးကျ ဒရုန်းများအတိုင်း ဖောက်ခွဲတိုက်ခိုက်နိုင်သည့် ထိပ်ဖူး (warhead)ကိုထည့်သွင်းထားခြင်း မရှိသည့်အတွက် အလေးချိန် ၂ ကီလိုဂရမ် (၄ ဒသမ ၄ ပေါင်) အောက်သာရှိသည်။ Gobi ဒရုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ (၁၅၅ မိုင်) နှုန်းထိ ရောက်ရှိနိုင်ပြီး အကွာအဝေး၅ ကီလိုမီတာ (၃ ဒသမ ၁ မိုင်)ထိ ပျံသန်းစစ်ဆင်နိုင်စွမ်း ရှိမည်ဖြစ်သည်။ ၎င်းသည် အလေးချိန် ကီလိုဂရမ် ၆၀၀ (၁၃၂၂ ပေါင်)ထိရှိသော ဒရုန်းအမျိုးအစားများထိ တိုက်ခိုက်နိုင်စွမ်းရှိသည်။

ပစ်မှတ်အနီး ရောက်ရှိသောအချိန် ပေါက်ကွဲ၊ ဖောက်ခွဲတိုက်ခိုက်ရန် proximity fuses (စနက်တံများ) အသုံးပြုထားလေ့ရှိသည့် သမားရိုးကျဒရုန်းများနှင့် မတူညီဘဲ ဒရုန်းအသစ်များသည် ရန်သူ့ဒရုန်းများကို တိုက်ရိုက်ထိမှန်တိုက်ခိုက်ခြင်း၊ ပန်ကာများချိုးဖျက်ခြင်းနှင့် ထိခိုက်လွယ်သော အခြားအစိတ်အပိုင်းများကို ဝင်တိုက်ခြင်းတို့ဖြင့် ဒရုန်းရန်တိုက်ဖျက်ရေးကို ဆောင် ရွက်နိုင်စေမည်ဖြစ်သည်။ Harmattan AI ကုမ္ပဏီက Gobi ဒရုန်း၏ ကနဦးမော်ဒယ်များသည် ပျံသန်းစမ်းသပ်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

Gobi ဒရုန်းသည် လျှပ်စစ်သံလိုက်လှိုင်းနှင့် ရေဒီယိုကြိမ်နှုန်းများကို အသုံးပြု၍ ခြိမ်းခြောက်လာနိုင်မှုများကို ရှာဖွေစစ်ဆေးခြင်းဖြစ်သည်။ ပစ်မှတ်ကို ဖော်ထုတ်ပြီးသည်နှင့် ဒရုန်းကို ဒရုန်းပစ်လွှတ်မှုစနစ်မှ အလိုအလျောက် ပစ်လွှတ်နိုင်ပြီး ရေဒီယိုအချက်ပြမှုများက ပစ်မှတ်ဆီသို့ လမ်းညွှန်ပေးကာ၊ လမ်းတစ်လျှောက်တွင် တည်နေရာအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီပြင်ဆင်ချက်ပေးနိုင်သည်။ ပစ်မှတ်နှင့်နီးကပ်လာသည်နှင့် Gobi ဒရုန်းသည် တိုက်ခိုက်မှုကို တိကျစွာလုပ်ဆောင်နိုင်ရန်အနီအောက်ရောင်ခြည်ခြေရာခံစနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ပါသည်။ ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းသည် computer vision ကို အသုံးပြု၍ ဒရုန်းတွင် အကောင်းဆုံးထိခိုက်ပျက်စီးနိုင်မှုနေရာကို ရှာဖွေပြီး လေထဲတွင် နောက်ဆုံးစက္ကန့်အတွင်း ချိန်ညှိမှုများပြုလုပ်နိုင်ကြောင်း Harmattan AI ကုမ္ပဏီက ပြောကြားခဲ့သည်။ ထုတ်လုပ်သူကုမ္ပဏီ၏အဆိုအရ ဤ Gobi ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်ကို ကွပ်ကဲထိန်းချုပ်မှု C2 စနစ်များနှင့် ပေါင်းစပ်နိုင်ပြီး၊ အခြားစနစ်များနှင့်အတူ အချက်အလက်မျှဝေရန်၊ ရန်သူ့ UAV နှင့် ဒရုန်းများကို ဖော်ထုတ်ရန်နှင့် မိမိတပ်ဖွဲ့ဝင်အချင်းချင်း မှားယွင်းပစ်ခတ်မှုကိုရှောင်ရှားနိုင်ရန် လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။ ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင် အနေအထားတွင် ဒရုန်း၏တိုက်ပွဲဝင်ထိရောက်မှုကို သေချာမသိရှိရသေးသော်လည်း Gobi ဒရုန်းကို C2 စနစ်များနှင့် ပေါင်းစပ်ခြင်းသည် အလိုအလျောက် တိုက်ပွဲဝင် လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**New French Drone ‘Hunts Down’ Enemy UAVs in a Span of One Minute ကို ဘာသာပြန်ဆိုထားပါသည်။**

## Patriot လက်နက်စနစ်များ ယူကရိန်းသို့တတ်နိုင်သမျှမြန်မြန်ပို့ဆောင်သွားမည်ဟု NATO အဖွဲ့မှ အမေရိကန်ဗိုလ်ချုပ်ကြီးက ပြောကြား

အမေရိကန်နိုင်ငံထုတ် Patriot မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(SAM)စနစ်များကို ယူကရိန်းနိုင်ငံသို့ တတ်နိုင်သမျှမြန်မြန်ပို့ဆောင်ပေးသွားမည် ဖြစ်ပြီး ဂျာမနီနိုင်ငံမှ ငွေကြေးကျသင့်သမျှ ပေးအပ်သွားမည်ဖြစ်ကြောင်း ဥရောပရှိ NATO အဖွဲ့ထိပ်တန်း စစ်ဦးစီးချုပ်ဖြစ်သူ အမေရိကန်ဗိုလ်ချုပ်ကြီး Alexus Grynkewich က ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံ RT သတင်းဌာနက ဇူလိုင် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်ကို အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့ ယခုသတင်းပတ်အစောပိုင်းက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးသည် မကြာသေးမီက ၎င်း၏ အနောက်အုပ်စုကျောထောက်နောက်ခံပြုနိုင်ငံများထံ Patriot လက်နက်စနစ်များ ပိုမိုထောက်ပံ့ပေးရန် တိုက်တွန်းပြောဆိုခဲ့သည်။ ၂၀၂၂ ခုနှစ်ကတည်းက အဆိုပါ အမေရိကန်ထုတ် Patriot လက်နက်စနစ်အချို့ကို ရုရှားက တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပြီး ယူကရိန်းအတွက် စစ်ရေးအကူအညီ မည်မျှရရှိနေစေကာမူ ယူကရိန်းအထူးစစ်ဆင်ရေး၏ရလဒ်ကို တစ်စုံတစ်ရာ ပြောင်းလဲပစ်နိုင်ခြင်းမရှိဘဲ သွေးထွက်သံယိုမှုများဖြစ်စေမည့် ပဋိပက္ခသာ တာရှည်စေမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက အကြိမ်ကြိမ်သတိပေးထားခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၇ ရက် ကြာသပတေးနေ့က နိုင်ငံတကာစစ်မှုရေးရာ ဆောင်းပါးတစ်ပုဒ်တွင်သည် အမေရိကန်ဗိုလ်ချုပ်ကြီး Grynkewich ၏ပြောကြားချက်ကိုကိုးကား၍ ယူကရိန်းထံတတ်နိုင်သမျှ အမြန်ဆုံးပို့ဆောင်ရန် အမိန့်ပေးခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ နောက်ထပ် Patriot လက်နက်စနစ်များ အများကြီးပို့ရန်ရှိကြောင်း ၎င်းက အသေးစိတ်အချက်အလက်များမပါဝင်ဘဲ ထပ်လောင်းပြောကြားခဲ့သေးသည်။ ထို့ပြင် အမည်မဖော်လိုသူ သတင်းရင်းမြစ်များကိုကိုးကား၍ အနောက်အုပ်စုနိုင်ငံများသည် လာမည့်သီတင်းပတ်၊ ဗုဒ္ဓဟူးနေ့တွင် Patriot လက်နက်စနစ်များ ယူကရိန်းထံ ထပ်မံပေးအပ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန်အစည်းအဝေး ကျင်းပဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။

တနင်္လာနေ့က ဝါရှင်တန်တွင် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Pete Hegsethနှင့် တွေ့ဆုံပြီးနောက် ဂျာမန်ကာကွယ်ရေးဝန်ကြီး Boris Pistorius က ယူကရိန်းအတွက် Patriot လက်နက်စနစ်များ ရရှိနိုင်ရေးအတွက် လပေါင်းများစွာ အချိန်ယူရသော်လည်း ပေးပို့မှုအစီအစဉ်များကို ရက်ပိုင်းသို့မဟုတ် သီတင်းပတ်များအတွင်း အပြီးသတ် လုပ်ဆောင်သွားနိုင်သည်ဟု ပြောကြားခဲ့သည်။



ဂျာမနီနိုင်ငံသည် ယခုပေးပို့မှုအတွက် ကုန်ကျစရိတ်များအားလုံး ကျခံသုံးစွဲသွားရန် အဆင်သင့်ဖြစ်နေကြောင်း ကာကွယ်ရေးဝန်ကြီး၏ အတည်ပြုပြောကြားချက်အရ သိရှိရသော်လည်း ဂျာမနီကိုယ်တိုင်၌က Patriot လက်နက်စနစ် ခြောက်စုံသာရှိသည့်အတွက် ယူကရိန်းအတွက်ပေးပို့မည့် ဒုံးပစ်လောင်ချာများ မည်သည့်နိုင်ငံမှ ဝယ်ယူပြီး ပေးအပ်သွားမည်ကိုတော့ ရှင်းရှင်းလင်းလင်းမသိရှိရသေးပေ။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ဖြစ်ပွားရန် အချက်ပြမှုတစ်ခုအဖြစ် လိုခြင်းမရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ရုရှားသမ္မတဗလာဒီမာပူတင်ကို မကြာသေးမီက စွပ်စွဲပြောကြားချက်များဖြင့် တင်းတင်းမာမာ ပြောဆိုခဲ့သည်။ ထရန့်၏ မကြာသေးမီက သဘောထားမှတ်ချက်နှင့်ပတ်သက်၍ ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ယူကရိန်းနိုင်ငံသို့ လက်နက်များ ပိုမိုပေးအပ်ရန် ဆုံးဖြတ်ချက်သည် ပဋိပက္ခကို ဆက်လက် ယူကရိန်းဘက်မှ ရှုမြင်လာနိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ ဂျာမနီနိုင်ငံအတွက် နောက်တဖန် အန္တရာယ်ရှိလာနိုင်သည်ဟု Dmitry Peskov က မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။

**Top NATO commander gives update on Patriots for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects preparations and displays at Bogyoke Aung San Museum (Yangon), Ministers' Office (Secretariat)



Senior General Min Aung Hlaing views the portrait of General Aung San.



Senior General Min Aung Hlaing views documentary photos on the life of General Aung San.

**Nay Pyi Taw July 18**

Chairman of the State Administration Council, Prime Minister Senior General Min Aung Hlaing, accompanied by the Council Joint Secretary, SAC members, Union ministers and the Chief Minister of Yangon Region, inspected display of objects at the Bogyoke Aung San Museum in Bahan Township and the Ministers' Office (the Secretariat) in Botahtaung Township of Yangon Region this morning.

At the Bogyoke Aung San Museum in Bahan Township, the Senior General interestingly viewed round the vehicle ridden by the General Aung San, the documentary photos, the park, the portrait of General Aung San, documentaries and photos on the early life of General Aung San, university student, politician, Tatmadaw leader, State leader and his family life, his utensils, the brief history of the museum, the parlour, bedroom, prayer room, library, clothes and equipment, paintings, photos and furniture used by General Aung San displayed at special meeting rooms, his books, and the books on documentaries of the General published in successive eras. Officials conducted the Senior General round the museum.

After hearing the reports, the Senior General stressed the need to maintain the vehicle ridden by General Aung San with the help of technicians for long-term existence. Maintenance of the building must be systematic, aligned with the documentary photos not to lose the original state.

The Senior General gave guidance to officials to maintain photos displayed at the museum with the use of technology to be better works. Moreover, he urged all to carry out beautiful landscape along both sides of the road and vicinity of the museum.

The residence of Myanmar's architecture of Independence General Aung San was transformed into the Bogyoke Aung San Museum (Yangon). It was built in 1921 with western architectural works. General Aung San and his family lived there from May 1945 to the date of assassination in July 1947. Inside the exhibition hall, displays include the living room, dining room, bedroom, reading room, children's bedroom, special meeting room, prayer room, the garden cultivated by General Aung San during his leisure time, a Wolseley brand car manufactured in England used by General Aung San, and a photo documentary room. The public can visit and explore free of charge every day from 9:30 am to 4:30 pm, except on Mondays and public holidays, including Martyrs' Day on 19 July.



Senior General Min Aung Hlaing observes the living room at Bogyoke Aung San Museum (Yangon).



Senior General Min Aung Hlaing views documentary photos at the Ministers' Office (Secretariat).



Senior General Min Aung Hlaing visits the Ministers' Office (Secretariat).

On arrival at the Ministers' Office (the Secretariat) in Botahtaung Township, the Senior General viewed round history documents and photos displayed in the building and maintenance of the Hluttaw hall. Officials conducted the Senior General round the building.

In his guidance, the Senior General said that it is necessary to enhance the clarity of the historical photographs and documents on display by using modern technology, and to present them in a well-organized exhibition. Moreover, he added that when labelling the photographs and utensils, it is important to ensure accuracy,

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at ceremony to appoint new doctors and dentists as gazette officers of the Ministry of Health and present letters of appointment



Senior General Min Aung Hlaing honours performing students and staff with fruit baskets and cash awards.

**Nay Pyi Taw July 18**

A ceremony to appoint new doctors and dentists as gazette officers of the Ministry of Health and present letters of appointment took place at Myanmar Convention Center in Yangon this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Joint SAC Secretary General Ye Win Oo, SAC members General Nyo Saw, Mahn Nyeing Maung, and Dr Hmu Htan, union ministers, the Yangon Region chief minister, senior military officers from Office of Commander-in-Chief, the Yangon Command commander, the Myanmar Medical Council chair, the Myanmar Dental Council chair, rectors of medicaluniversities under the Health Ministry, departmental officials, and invited persons.

On arrival at the venue, Senior General Min Aung Hlaing was welcomed by Union Minister for Health Dr Thet Khaing Win and health staff.

Female students of University of Medicine 1 (Yangon) performed the song "Mingalabar", and the ceremony commenced.

In his address, the Senior General said the State is constantly providing support for the enhancement of the health standard of the nationalities. All must understand that people can work and learn only if they are healthy. Healthy lifestyle and health knowledge are the main requirements for healthiness. Because of the determinants of health, people may face health problems more or less. Health personnel play a pivotal role in solving such problems. On behalf of the State, the Senior General expressed pleasure for assigning the new doctors and dentists with duty to ensure public health and longevity. He said it is also an auspicious day. Covid-19 pandemic had a huge impact on the lives of the peoples and health system of global countries, and it left behind adverse social and economic effects. Under the leadership of the State, retired and in-service health professionals of the Ministry of Health and the Ministry of Defence and local volunteers joined forces to counter and control the disease. Every time a disaster hits Myanmar, health staff conduct public healthcare services with great care. During the natural disaster caused by cyclone Mocha in 2023 and flash floods triggered by downpours of typhoon Yagi in 2024, health staff could provide healthcare and medical treatment services in time. Health staff also fell victim to the powerful Mandalay earthquake that jolted on 28 March this year, but they were able to carry out healthcare undertakings day and night. Health staff joined hands with local and foreign medical teams, set up emergency treatment teams, specialists' units, and emergency response squads and made field tours down to the rural areas to provide healthcare services for earthquake victims with brilliant efforts. They are truly honourable.

The second point of the social objectives of the State Administration Council says, "To elevate the health and sports sectors inclusive of all the people, improving the longevity and health of the nation" is the main duty of the Ministry of Health. In this regard, the ministry is implementing the objective with the cooperation of medical corps of the Ministry of Defence, related departments, health organizations and social organizations and public involvement.

As part of public health efforts, the government is formulating and implementing policies and action plans aimed at effectively preventing the spread of diseases and ensuring the provision of quality medical care during outbreaks, in line with the country's available resources. The government is prioritizing the renovation and construction of public hospitals, as well as the provision of advanced diagnostic and treatment services, essential medicines, and modern medical equipment, to ensure that citizens can access healthcare in a safe, comfortable, and reassuring environment. Public hospitals are preparing to provide round-the-clock emergency care and are working to minimize operational costs to offer medical services to patients at the lowest possible expense. The Ministry of Health is upholding the principle that "every hospital must have a doctor." He stated that he would like to express his joy and encourage all newly appointed doctors as they begin their duties at their respective hospital assignments.

Everyone aspires to live a long and healthy life, and a country's longevity is typically measured by its life expectancy. According to the 2024 Population and Housing Census, Myanmar's life expectancy is 69 years—ranking 9th among ASEAN countries and 5th among its neighboring countries. It is important to assess the underlying weaknesses contributing to this figure. He urged healthcare personnel to focus on key health-related issues—such as nutrition, living conditions, vaccination coverage, and mortality rates—in the areas where they are assigned.



Senior General Min Aung Hlaing presents civil service appointment letters to a representative.

To improve the health standards of the public and increase life expectancy, it is crucial to enhance basic healthcare services by adequately training and deploying sufficient human resources in the health sector. Accordingly, to produce qualified health professionals, 53 universities and schools, including relevant universities, the University of Public Health, the University of Traditional Medicine, as well as nursing and midwifery training schools, have been established. The curricula have been revised and updated according to needs, and education is being conducted accordingly.

Furthermore, to train more medical professionals during the tenure of the State Administration Council, the Medical Faculty was established at Naypyitaw State Academy in 2023. Since then, training has been conducted annually, and currently, 100 medical students are enrolled and studying there.

I am especially pleased and proud that after successfully completing their internship, young professionals like you will join the Ministry of Health to actively contribute to public healthcare. The health sector must continue producing skilled human resources, and you along with other new recruits represent the next generation of strength in this field. We must continue developing not only in quantity but also in quality, ensuring well-rounded medical professionals and healthcare workers who excel in all aspects. I urge you all to strive for excellence in your training and service.

Since you have studied medical sciences in major cities such as Yangon, Mandalay, Magway, and Taunggyi, you have gained significant developmental experience. I encourage you to share and apply these valuable experiences in the towns and regions where you will be assigned.

The State Administration Council upholds the principle that *See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects resumption of operations at Jaungwyne Dockyard



Senior General Min Aung Hlaing inspects resumption of operations at Jaungwyne Dockyard.

**Nay Pyi Taw July 18**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by members of his entourage, the chief minister of Yangon Region, the commander of Yangon Command and Mayor U Bo Htay and officials, inspected the resumption of operations of Jaungwyne Dockyard in Jaungwyne Village in Kyimyindine Township, Yangon Region this afternoon.

First, the Senior General and party arrived at the dockyard and heard reports on salient points of the dockyard, operations and brief history of the dockyard submitted by an official. The Senior General gave necessary instructions.

Then, the Senior General and party inspected the dockyard and gave necessary instructions on better operations of the dockyard, continued operations of the dockyard by carrying out maintenance of the dockyard to catch up with the times and installing more machines and tools and systematic tasks for cleanliness.

The dockyard was built in 1981-1982 and was upgraded into a drydock in 1986. From 1995 to 1999, a total of 49 ships were repaired at the dockyard. Then, its operations came to a halt for a period of time. At present, its operations have resumed under the instructions of the Senior General to prevent further damage to the dockyard due to a long period of halting its operations.

100

---

*From Page 12*

consistency in writing formats, and clarity so that visitors can easily read and understand the information, and gave necessary guidance.

In visiting the building of the Ministers' Office, the Senior General inspected the assassinated scene of the General and martyrs displayed at the office of the General and the meeting hall, display of historical photos in the photo gallary, historical documentaries and maintenance of the building.

In response to the reports of officials, the Senior General underscored that it is necessary to exhibit the meeting room where General Aung San and the Martyrs were assassinated, along with General Aung San's office, in their original layout. Historical photographs should be displayed with proper captions, and additional historical photos should be curated and exhibited. The Ministers' Office (the Secretariat) building, being an invaluable historic landmark, must be maintained in its original form for long-term sustainability. Parts of the building that have deteriorated should be systematically restored by experts through research works to ensure proper maintenance and structural integrity.

100

---

*From Page 13*

"nothing is more important than human life" and is striving to ensure that every citizen has access to quality healthcare with minimal financial burden. As newly appointed officers of the Ministry of Health, I hope you will serve with dedication in your assigned hospitals, providing the best possible care to the people and becoming exemplary health professionals who contribute to the nation.

Following this, the Senior General presented the civil service appointment letters to representatives from four medical universities. Representatives from each university received the letters in turn.

Subsequently, the Joint Secretary of the Council presented appointment letters to representatives from two medical universities and the University of Dental Medicine. Representatives from each institution accepted the letters accordingly.

Afterward, the Senior General, and attendees watched a video documentary showcasing the activities and achievements of the Ministry of Health.

Then, students from the University of Nursing (Yangon) performed a song and dance performance titled "United Forever, Myanmar", while students from medical and relevant medical universities presented a musical performance titled "Unity Leads to Success."

Following the performances, the Senior General honoured the participating students and staff with honourary fruit baskets and cash awards.

Finally, the Senior General warmly greeted the attendees before concluding the ceremony.

100

---

## World Insights: Syria's future hangs in balance amid Sweida violence, Israeli strikes

**Damascus July 18**

A sudden eruption of violence in Syria's southern province of Sweida has triggered a complex and escalating crisis, exposing the deep fragility of Syria's stability just six months after the collapse of the previous government and sending shockwaves across the region.

Over the past week, Sweida has witnessed some of the deadliest intra-Syrian clashes in years. The fighting, initially sparked by a local dispute between the Druze community and Bedouin tribesmen, quickly escalated into a full-blown urban conflict involving Syrian government forces.

By Thursday, nearly 600 people were reported killed, including dozens of civilians and hundreds of fighters from all sides, according to the Britain-based Syrian Observatory for Human Rights (SOHR).

As tensions escalated, Israel, which portrayed itself as a protector of the Druze community in Syria, launched a series of airstrikes, targeting Syrian military sites in Damascus and Sweida.

Xinhua

## DPRK slams Japan's 2025 defense white paper

**Pyongyang July 18**

The Democratic People's Republic of Korea (DPRK) on Thursday slammed Japan's 2025 defense white paper, calling it "a war scenario for realizing its ambition for reinvasion from A to Z," the official Korean Central News Agency (KCNA) reported Friday.

It is the "common knowledge" that Japan has revised its National Security Strategy to include "preemptive attack capabilities," accelerating both the development of domestically produced long-range missiles and the procurement of foreign-made ones in recent years, the KCNA said, citing the policy section chief of the Institute for Japan Studies under DPRK's foreign ministry.

Japan raised its defense budget to a record high in 2025, ramping up its military capabilities to full scale, the report said, adding that as part of the effort, Tokyo is purchasing approximately 3.7 billion U.S. dollars worth of medium-range air-to-air missiles, long-range air-to-surface cruise missiles, and related equipment from Washington.

Japan is also considering deploying 400 U.S.-made Tomahawk long-range cruise missiles and Type 12 surface-to-ship missiles, which extend the range to more than 1,000 km, said the report. Xinhua

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local nationalities support and welcome Tatmadaw for controlling Nawnghkio completely, will join hands with Tatmadaw in security and rehabilitation tasks


Departmental personnel re-entering the area.


Public welcomes the Tatmadaw.

**Nay Pyi Taw July 18**

To ensure peace and tranquility for the people, the Tatmadaw is launching counterterrorism operations military command wise. In doing so, the Tatmadaw completely controlled the areas around Taunghkam and Nawnghkio town, which were briefly occupied by terrorist insurgents, on 16 July, and the nationalities, who are residents of Nawnghkio, are celebrating in support of the Tatmadaw's victory. Some of them who left their homes temporarily are returning back to their native land.

While the areas in and around Nawnghkio Township were under the brief control of the terrorist insurgents, local nationalities had to leave behind their homes and belongings, facing the evil consequences of war, which included human rights violations, and a drop in economic, social, health and education sectors. As the Tatmadaw had entirely controlled the areas in and around Nawnghkio, locals' ardent support for and trust in Tatmadaw grew rapidly and they joined hands with the Tatmadaw.

As a means to help temporary displaced persons to repair their homes and reside again in them, and pursue a peaceful and happy socioeconomic life, Tatmadaw columns are now following up on the task of restoring the government machinery after clearing land minds that were mercilessly planted by terrorist insurgents while they were briefly occupying the area and conducting security patrols to repair office, residential, religious, educational and health structures.

Additionally, today, a team of 118 departmental officials led by District Administrator U Kyaw Swe Win arrived in Nawnghkio town with necessary aid supplies, food items, and vehicles. Their purpose is to provide essential assistance to local residents, reopen government offices as part of the administrative mechanism, resume schooling for children, and reopen hospitals to ensure public healthcare services.

The vehicles also carried food and household items donated by the Shan State Government, the Mandalay Region Government, and charitable citizens for internally displaced persons (IDPs) in the Taungkham area and Nawnghkio Township. Additionally, food and essential supplies provided by the Ministry of Social Welfare, Relief, and Resettlement were included in the shipment.


Distributing food to the people.

Local ethnic residents have expressed their eagerness to return home, having personally suffered the devastating effects of conflict. They voiced their strong desire for peace, wishing for their children to receive education peacefully, just like children in other stable regions. They also pledged to collaborate with the Tatmadaw in rebuilding Nawnghkio, which has suffered extensive damage due to terrorist acts. Furthermore, they shared that other civilians similarly hope the Tatmadaw will retake areas temporarily controlled by terrorists, restoring normalcy in social, economic, health, and educational aspects of life for local communities.

Currently, local residents, no longer able to tolerate the terrorists' indiscriminate threats, arbitrary arrests, killings, torture, extortion, and destruction of peaceful villages, have increasingly placed their trust in the Tatmadaw. They are actively offering moral support, while the Tatmadaw continues to intensify necessary security operations to ensure public safety.

100


Providing food and greeting the public warmly.


Conducting mine clearance operations.







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်  ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူ၊ ဗိုလ်ချုပ်၏ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ စာကြည့်တိုက်နှင့် အထူးအစည်းအဝေးခန်းများအတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သော အဝတ်အထည်များနှင့်အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းဖတ်ရှုလေ့လာခဲ့သည့်စာအုပ်များနှင့် ဗိုလ်ချုပ်၏ သမိုင်းမှတ်တမ်းများကို ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်  ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်းဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်အတွင်းရှိဓာတ်ပုံများကို နည်းပညာများအသုံးပြု၍ထိန်းသိမ်းဆောင်ရွက်ပြီး ယခုထက်ပိုမိုကောင်းမွန်ကြည်လင်ပြတ်သားသည့် ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊** ပြတိုက်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များကို အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များ မရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော အိမ်ကို ပြတိုက်အဖြစ် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သောအဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ် မေလမှ ၁၉၄၇ ခုနှစ် ဇူလိုင်လလုပ်ကြံခံရသည့်နေ့ထိနေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်းအားလပ်ချိန်တွင် စိုက်ပျိုးသောစိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့ကို ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များနှင့် ဇူလိုင် ၁၉ ရက်တွင်ကျရောက်သည့် အာဇာနည်နေ့တို့တွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အတွင်း ပြင်ဆင်ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)အတွင်း ပြင်ဆင်ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

အဖွဲ့ဝင်များလိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသို့ရောက်ရှိကြပြီး အဆောက်အအုံအတွင်းခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်းအထောက်အထားစာရွက်စာတမ်းများနှင့် ဓာတ်ပုံများထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သမိုင်းကြောင်းကိုဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့်စာရွက်စာတမ်းများကို ခေတ်မီနည်းပညာများ အသုံးပြု၍ ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ပြီးခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဓာတ်ပုံများ၊အသုံးအဆောင်ပစ္စည်းများကို အညွှန်းဖော်ပြရာတွင်လည်း ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့်လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးများရုံးအဆောက်အအုံအတွင်းလှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုကို ပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများပြသထားရှိမှု၊သမိုင်းဝင်အထောက်အထားများပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့်အဆောက်အအုံထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာကို မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများကို ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထားဓာတ်ပုံများကို ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်လိုကြောင်း၊ **ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသည် တန်ဖိုးဖြတ်၍မရသည့်ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံ၏အချို့နေရာများ၌ နိမ့်ကျနေမှုကို ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်းနှင့်** အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ၁၁ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၅ ခုနှစ် ၁၁ ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် နမ့်စန်လေတပ်စခန်းဌာနချုပ် အသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုးကလည်းကောင်း တံခွန် စိုက်ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကွပ်ကဲမှုအောက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံလေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး နမ့်စန်လေတပ်စခန်းဌာနချုပ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးတက္ကသိုလ် လေးခုမှ ကိုယ်စားလှယ်တစ်ဦးကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိခန့်လွှာများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်မြို့)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသူများက “မင်္ဂလာပါ” တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်**ကြောင်း၊ ကျန်းမာရေးအတွက် အဓိကလိုအပ်သည်မှာ ကာယကံရှင်လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင် မူတည်သကဲ့သို့ လူသားတို့သည် သွေးနှင့်သားနှင့် ပတ်ဝန်းကျင်နှင့် နေထိုင်ကြရသည်ဖြစ်သည့်အတွက် ကျန်းမာရေးထိခိုက်မည့် သက်ရောက်မှုများ အနည်းနှင့်အများကြုံကြရမည်ဖြစ်ကြောင်း၊ ယင်းကိုဖြေရှင်းပေးရမည်မှာ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများကအဓိကဖြစ်ပြီး **လူသားများသက်ရှည်ကျန်းမာရေးအတွက် ဆောင်ကြဉ်းပေးမည့်တာဝန်များ ထမ်းဆောင်ရန် မောင်တို့မယ်တို့ကို တာဝန်ပေးနိုင်ခြင်းအတွက်** နိုင်ငံတော်ကိုယ်စား များစွာဝမ်းသာအားရရှိရသကဲ့သို့ မင်္ဂလာရှိသည့်နေ့ရက်တစ်ရက်ဖြစ်ကြောင်းကို ပြောလိုကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးက ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးနှင့်အတူ လူမှုရေး၊ စီးပွားရေးနောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့ကိုကာကွယ်ထိန်းချုပ်တုံ့ပြန်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အငြိမ်းစားပညာရှင်များအပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်အဖွဲ့အစည်းများ၏ စွမ်းအားများပူးပေါင်းပါဝင်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို အထူးအလေးပေးစောင့်ရှောက်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် မိုခါဆိုင်ကလုန်းမုန်တိုင်းသဘာဝဘေးနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှု သဘာဝဘေးတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင် ငလျင်ဘေးဒဏ်ကိုခံစားရပြီး ဒုက္ခရောက်နေရသော်လည်း ငလျင်ဒဏ်ခံရသည့်ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ပြည်တွင်းပြည်ပဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ အရေးပေါ်ဆေးကုသရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များ ဖွဲ့စည်းကာ ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ငလျင်ဒဏ်သင့်ပြည်သူများ၏ကျန်းမာရေးကိုစွမ်းစွမ်းတမံစောင့်ရှောက်နိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူလေးစားဖွယ်တွေ့ရှိခဲ့ရကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များမှ ဒုတိယအချက်ဖြစ်သည့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာရှင်ပရဟိတလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှု စွမ်းအားများဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စာမျက်နှာ ၁၉ သို့

# ဆရာဝန်(သစ်လွင်) ၁၂၅၉ ဦးနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်) ၂၁ ဦးတို့ကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနား ဒုတိယပိုင်းသို့ တက်ရောက်သည်။



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်လာပြီဖြစ်သဖြင့် ရင့်ကျက်မှု၊ တည်ငြိမ်မှုရှိရန်၊ အရာရာကို ကျယ်ပြန့်သည့်အမြင်ဖြင့် ကြည့်ရှုဆင်ခြင်နိုင်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန် လိုအပ်ပါကြောင်း၊ ဆေးပညာရှင်အနေဖြင့် သက်မွေးမှုဆိုင်ရာကျင့်ဝတ် (Professional Ethic) များ၊ ဆေးပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ် (Medical Ethic) များကို အလေးထားပြီး လိုက်နာဆောင်ရွက်ရမည့်အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များကို သိရှိလိုက်နာ စောင့်ထိန်းကြရန်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကျွမ်းကျင်ရာပညာရပ်များကို ပြည်သူလူထုအတွက် အသုံးချနိုင်ရမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် ကျေးဇူးသစ္စာ စောင့်သိရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးခင်နှင့် မြန်မာနိုင်ငံသွားနှင့် ခံတွင်းကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးတို့က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆရာဝန်(သစ်လွင်)များ၊ သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များ လိုက်နာကြရမည့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းအခမ်းအနားတွင် ဆေးတက္ကသိုလ်များမှ သင်တန်းအောင်မြင်ပြီးဖြစ်သော ဆရာဝန်(သစ်လွင်) ၁၂၅၉ ဦးနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) ၂၁ ဦးတို့ကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

**ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေး အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်း များ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေး ပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး လုပ်ငန်းများကို မိမိတို့နိုင်ငံ၏အရင်းအမြစ် များအပေါ်မူတည်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊** ပြည်သူများ နေရာထိုင်ခင်း ကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံနိုင်ရေးအတွက် ပြည်သူ့ ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ် တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုပေးခြင်း၊ ဆေးဝါးများ၊ ခေတ်မီ ဆေးပစ္စည်းကိရိယာများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က အလေးထားဆောင် ရွက်ပေးလျက်ရှိကြောင်း၊ **ပြည်သူ့ဆေးရုံ များအနေဖြင့် အရေးပေါ်လူနာများ အချိန် ပြည့်လက်ခံကုသနိုင်ရေး စီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ် မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေလျော့နည်း စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **“ဆေးရုံတိုင်းဆရာဝန်ရှိရမည်”** ဟူသည့်အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့တာဝန်ကျရာ ဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်ရပါကြောင်းနှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြပြီး နိုင်ငံတစ်ခုတွင် မည်မျှသက်ရှည်ကျန်းမာကြသည်ကို မျှော်မှန်းသက်တမ်းကိုကြည့်၍ ပြောကြကြောင်း၊ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ရှိကြောင်း၊ အာဆီယံနိုင်ငံများအနက် အဆင့် ကိုးဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါကလည်း အဆင့် ငါး ဖြစ်ကြောင်း၊ မည်သည့်အားနည်းချက်ရှိနေသည်ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်နေထိုင်ခြင်း၊ ကာကွယ်ဆေးများထိုးခြင်း၊ သေနှုန်းများ ချိန်ဆသုံးသပ်ခြင်း စသည်ဖြင့် ကျန်းမာရေးရှုထောင့်အရ ဆောင်ရွက်သင့်သည်များကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသများတွင် အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ပြည်သူလူထု၏ ကျန်းမာရေးအဆင့် အတန်းတိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်း** သက်တမ်း မြင့်မားလာစေရေးအတွက် **အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ လုံလုံ လောက်လောက် လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးရန် အရေးကြီး**ကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း စသည့်တက္ကသိုလ်နှင့် ကျောင်း ၅၃ ခုကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိကြောင်း။

ထို့ပြင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလ အတွင်း ဆေးပညာရှင်ဆရာဝန်များကို ပိုမို လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ**ရာ ယခုအခါ ဆေးပညာကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း။

**မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင်ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အားဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီး ဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကို အထူးပင် အားရဝမ်းသာဖြစ်မိ**ကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရမည်ဖြစ်ပြီး မောင်တို့မယ်တို့အပါအဝင် ယင်းအင်အားများသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး စသည့်မြို့ကြီးများ၌ ဆေးဘက်ပညာများ သင်ကြားခဲ့သူများဖြစ်သဖြင့် ဖွံ့ဖြိုးမှုအတွေ့အကြုံများစွာ ရရှိခဲ့သူများဖြစ်ကြောင်း၊ ကောင်းမွန်သည့် ဖွံ့ဖြိုးမှုအတွေ့အကြုံများကို ရောက်ရှိတာဝန်ထမ်းဆောင်သည့်မြို့၊ ဒေသများ၌ ပြန့်ပွားမျှဝေ ဆောင်ရွက်နိုင်ရေးလည်း တတ်စွမ်းသမျှ လုပ်ဆောင်ပေးစေလိုကြောင်း။

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် “လူ့အသက်ထက်အရေးကြီး တာဘာမှမရှိ” ဆိုသည်ကို ဦးထိပ်ထား ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ကိုယ်ပိုင်ငွေကြေး ကုန်ကျရမှုသက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန်ကြိုးစား အားထုတ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်တမ်းဝင်အရာရှိများအဖြစ် ယနေ့ခန့်အပ်မည့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာ ဆေးရုံများ၌ ပြည်သူများကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ကုသစောင့်ရှောက်မှုပေးပြီး နိုင်ငံ့အကျိုးပြု ကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်ကြစေရန် ဆန္ဒပြုဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ် လေးခုမှ ကိုယ်စားလှယ်များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများ ပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်နှစ်ခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိခန့်လွှာများ ပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏လုပ်ငန်း ဆောင်ရွက်ချက်များမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက “ပေါင်းစည်းနေမည် ထာဝရ မြန်မာပြည်” တေးသရုပ်ဖော်သီချင်းဖြင့်လည်းကောင်း၊ ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများက “ပေါင်းစည်းခြင်းမှ အောင်မြင်ခြင်းဆီသို့” တေးသရုပ်ဖော်တေးသီချင်းဖြင့်လည်းကောင်း ဖြေဖျော်တင်ဆက်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေး အတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်...**

**ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ...**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်　ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွှန်းကျင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ဂျောင်ဝိုင်းလွှန်းကျင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လွှန်းကျင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှန်ကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လွှန်းကျင်းလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး၊ လွှန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်၍ အကျိုးရှိအောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုနှင့် ထိန်းသိမ်းမှုများ စနစ်တကျဖြစ်စေရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ဂျောင်ဝိုင်းလွှန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွှန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ် ၄၉ စီးကို လွှန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့ကြောင်း၊ ဂျောင်ဝိုင်းရေလုံလွှန်းကျင်းသည် သက်တမ်းကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တပ်ကုန်းတပ်နယ်အသင်းက ဒိုင်းဆုရရှိ




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တပ်ကုန်းတပ်နယ်အသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ယနေ့ညနေပိုင်းတွင်ပြုလုပ်သည့် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် တပ်ကုန်းတပ်နယ်အသင်းက ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရှိသည့် တပ်ကုန်းတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ ဆေးပဒေသာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



# ဒီမိုကရေစီဆိုတာ

ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး အသံဖမ်းပြောကြတာတွေလည်း အများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာဘာလဲ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်မရှိသမျှကာလပတ်လုံး ဒီမိုကရေစီကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။

၁၉၄၇ခုနှစ်၊ မေလ ၁၉ရက် ဂျူဗလီဟောပဏာမပြင်ဆင်မှုညီလာခံတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

## အငြိမ်းစားလစာထုတ်ယူမှုအတွက် အသိပေးကြေညာခြင်း

မြန်မာ့စီးပွားရေးဘဏ်သည် အငြိမ်းစားများ၏ပင်စင်လစာထုတ်ယူရာတွင် ခေတ်မီနည်းပညာအသုံးပြုစိစစ်ဆောင်ရွက်နိုင်ရန်အတွက် Centralized e-Pension စနစ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ e-ID စနစ်တို့ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသောအငြိမ်းစားများ၏ UID နံပါတ်များကိုရယူ၍ အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension Program တွင် ထည့်သွင်းရန်လိုအပ်ပါသည်။

သို့ဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ် ၁၇၁ ဘဏ်တွင် UID နံပါတ်ရပြီးသူ အငြိမ်းစားများထံမှ အချက်အလက်များကို ရယူထည့်သွင်းဆောင်ရွက်လျက်ရှိပြီး UID နံပါတ် ရရှိခြင်းမရှိသေးသူများအတွက်လည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စအခက်အခဲများကြောင့် UID နံပါတ်မရရှိသေးသူများ၏ အငြိမ်းစားလစာများကိုလည်း ယခင်ထုတ်ယူနေကျအတိုင်း မြန်မာ့စီးပွားရေးဘဏ်များတွင် စီစဉ်ထုတ်ပေးလျက်ရှိပါသည်။ ပင်စင်လစာထုတ်ယူရန် အခက်အခဲရှိပါက သက်ဆိုင်ရာဘဏ်ခွဲမန်နေဂျာများထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။


မြန်မာ့စီးပွားရေးဘဏ်

## ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင်အရှေ့ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဝီဖာ"(WIPHA)သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့ ရတနာဒီပရပ်ကွက် ကြာအင်းတောင်ပေါ်လမ်း အိမ်အမှတ်[၉/၃၄(A)]တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဇူလိုင် ၁၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရအများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရောက်ရှိမည့် ၇၈ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် **(ယနေ့)**နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး MRTV HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MITV၊ MWD HD၊ MWD Variety HD၊ MNTV၊ Up to Date channel၊ Readers' Channel၊ M channel တို့မှလည်းကောင်း၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၅။ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြား လိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးဌာနသည် ကမ်းခြေစောင့်တပ်ဖွဲ့၏ဖွဲ့စည်းပုံကို လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကိုယ်ပိုင်အလံနှင့် ကိုယ်ပိုင်တံဆိပ်တို့ကို အသုံးပြုခွင့်ရှိသည်။

## အခန်း (၄)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမရှိစေရန် ရေကြောင်းလုံခြုံရေး တာဝန်ဆောင်ရွက်ခြင်း၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကို အသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်း၊ မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်ကို သယ်ဆောင်မှု သို့မဟုတ် ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နိုင်ငံတကာ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်ပြစ်မှုများ၊ တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုနှင့် ပင်လယ်ဓားပြမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် ပင်လယ်ဆိပ်ကမ်းများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဃ) ရေပြင်နယ်နိမိတ်အတွင်း ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ခြင်း၊

(င) အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တားဆီးကာကွယ်ခြင်း၊

(စ) နိုင်ငံတော်၏ ကမ်းရိုးတန်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ခံဌာနအဖြစ်ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင်တပ်မတော်(ရေ) နှင့်ပူးပေါင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကမ်းခြေစောင့်တပ်ဖွဲ့နှင့် သက်ဆိုင်သည့် ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်သော သင်တန်းများနှင့် နိုင်ငံတကာ ရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့် ညီသောကျောင်းများ ဖွင့်လှစ်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းတို့နှင့် စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲသည် –

(က) ကမ်းခြေစောင့်တပ်ဖွဲ့ကို တာဝန်ခံကြီးကြပ်ကွပ်ကဲရမည်။

(ခ) ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုပြင်ဆင်ရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြနိုင်သည်။

(ဂ) ကမ်းခြေစောင့်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သောစီမံချက်များနှင့် စီမံကိန်းများကို ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဃ) မိမိ၏ လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့် တပ်ဖွဲ့ဝင်အရာရှိတစ်ဦးဦးအား သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(င) တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေး စီမံချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၅)
## ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး

၁၀။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်အညီ အပြစ်ကင်းသော ဖြတ်သန်းမှုကို ကျင့်သုံးခွင့်ရှိသည်။

၁၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် –

(က) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်–

(၁) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဖြတ်သန်းသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိရသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၃) ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(၄) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်က ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို သီးခြားဆောင်ရွက်ပေးရန် တောင်းဆိုလျှင် အဆိုပါဝန်ဆောင်မှု လုပ်ငန်းအတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေပြီး ဆောင်ရွက်ပေးခြင်း၊

(၅) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၆) ရေယာဉ်၏ အမှတ်အသား သို့မဟုတ် အလံကို အတုပြုလုပ်မှု သို့မဟုတ် ပုံစံတူဆင့်ပွားပြုလုပ်မှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(၇) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို သတ်မှတ်ချက်များနှင့် အညီ တားဆီးကာကွယ်ခြင်း၊

(၈) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယာဉ်များ စည်းကမ်းလိုက်နာမှု ရှိစေရန် ဆောင်ရွက်ခြင်း၊

(၉) လုံခြုံရေးဆိုင်ရာအရေးပေါ်အခြေအနေအရဖြစ်စေ၊ ဘေးအန္တရာယ် ကင်းရှင်းရေးအရဖြစ်စေ၊ ရေယာဉ်တွင်စီးနင်းလိုက်ပါသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ၊ အခြားသော အရေးပေါ်အခြေအနေတစ်ရပ်ရပ်အရဖြစ်စေ ဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ရပ်နားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အတွင်းပိုင်း ရေပြင်သို့ ဝင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၁၀) ပုံမှန်ကင်းလှည့်ခြင်းနှင့် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၁) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၂) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် လူပုဂ္ဂိုလ်ကို တားဆီးခြင်း သို့မဟုတ် အရေးယူခြင်း၊

(၁၃) လူနေထိုင်သောကျွန်းများ၏ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ခြင်းနှင့် လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရန် တားဆီးခြင်း။

(ခ) ဆက်စပ်ဇုန်အတွင်း နိုင်ငံတကာ သဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ဂ) သီးသန့်စီးပွားရေးဇုန်အတွင်း–

(၁) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေး သို့မဟုတ် ပင်လယ်ဆိပ်ကမ်း အပေါ်ကျူးလွန်သော အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုကို တားဆီး နှိမ်နင်းခြင်း၊

(၃) ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းတွင် လုံခြုံရေးချိုးဖောက်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးက ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း၊

(၄) ပင်လယ်ရေကြောင်း လုံခြုံရေးခြိမ်းခြောက်မှုကို တပ်မတော်(ရေ) နှင့်ပူးပေါင်း၍ ကာကွယ်တားဆီးခြင်း၊

(၅) ပင်လယ်ဆိပ်ကမ်း၊ ရေယာဉ်၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း သို့မဟုတ် ပင်လယ်ပြာ စီးပွားရေး၏လုံခြုံရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ) နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် လုံခြုံရေးအဆင့်နှင့် ဇရိယာများသတ်မှတ်ခြင်းနှင့် သက်ဆိုင်သူများ ထံသို့ အသိပေးကြေညာခြင်း။

## အခန်း (၆)
## ပင်လယ်ရေကြောင်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး

၁၂။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည်–

(က) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် –

(၁) ရေယာဉ်များ ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# တပ်မတော်က နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ရရှိခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက အားပေးထောက်ခံကြိုဆို၊ ဒေသလုံခြုံရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်


သံဃာတော်များအား တပ်မတော်သားများက ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။


တပ်မတော်နှင့်ဌာနဆိုင်ရာအဖွဲ့ဝင်များကို ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။


နောင်ချိုမြို့၌ အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။


တပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။


တပ်မတော်သားများက ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


တပ်မတော်သားများက ဒေသခံတိုင်းရင်းသားပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုလျက်ရှိကြပြီး အချို့မှာယာယီနေရပ်စွန့်ခွာနေရာမှ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

နောင်ချိုမြို့နယ် တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာ စည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ စစ်၏အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တပ်မတော်က နောင်ချိုဒေသ တစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယခုကဲ့သို့ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ မြို့ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးသွားခဲ့သည့် ရုံး၊ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့တွင်လည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့ဝင် ၁၁၈ ဦးတို့သည် ဒေသခံပြည်သူလူထုကို လိုအပ်သည့် ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် နောင်ချိုမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။ အဆိုပါ မော်တော်ယာဉ်များနှင့်အတူ တောင်ခမ်းဒေသနှင့် နောင်ချိုမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ တစ်ပါတည်းပါရှိကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ အိမ်ပြန်ချိန်ကို အစဉ်စောင့်မျှော်နေခဲ့ရကြောင်း၊ စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ မိမိတို့၏ သားသမီးများကိုလည်း အခြားငြိမ်းချမ်းသောအရပ်ဒေသများမှ ကလေးများကဲ့သို့ပင် အေးချမ်းစွာ ပညာသင်ယူစေချင်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် နောင်ချိုမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပါက တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နောင်ချို မြို့သူ၊ မြို့သားများကဲ့သို့ပင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားမြို့များကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ရယူစေလိုသည့် ဆန္ဒများမှာ အခြားပြည်သူများထံတွင် လည်းရှိနေကြောင်း၊ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားဒေသများကိုလည်း တပ်မတော်က ပြန်လည်ရယူ၍ ဒေသခံပြည်သူများ၏ လူမှုရေး၊စီးပွားရေး၊ကျန်းမာရေး၊ပညာရေး စသည့် လူမှုစီးပွားဘဝများကို ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုကြောင်း ဝမ်းပန်းတသာ ရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထုအပေါ် အကြောင်းမဲ့ ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှု၊ ဆက်ကြေးကောက်ခံမှု၊ အေးချမ်းသာယာနေသည့် မြို့ရွာများကိုဖျက်ဆီးမှု စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့နှင့် MDY-PDF အမည်ခံအဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသည့်အတွက် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ နီးစပ်ရာတပ်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်အတွင်းမှTNLA အဖွဲ့ဝင်အမျိုးသား လေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင်အမျိုးသား ငါးဦးနှင့် MDY-PDF အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၄ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ငါးဦးနှင့် MDY-PDF အမည်ခံအဖွဲ့မှ အမျိုးသား ၁၀ ဦး စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# KIA အဖွဲ့နှင့် KPF အဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ KIA အဖွဲ့နှင့် KPF အဖွဲ့တို့မှ အဖွဲ့ဝင် ၁၀ ဦးသည် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆို၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ပူတာအိုမြို့ရှိဇမ္ဗူလခန်းမ၌ပြုလုပ်ရာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘ၊ အုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပူတာအို မြို့နယ်အတွင်းမှ KIA အဖွဲ့ဝင်အမျိုးသား ခြောက်ဦးနှင့် KPF အဖွဲ့ဝင်အမျိုးသား လေးဦး စုစုပေါင်း ၁၀ ဦးတို့ကို ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက ၎င်းတို့၏ လုပ်ရပ်များအပေါ် အမြင်မှန်များရရှိလာသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည် လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



# ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ KNLA၊ PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့က လက်လုပ်မိုင်းများထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဇူလိုင် ၁၈**

KNLA၊ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်နှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲဖြစ်ပေါ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထို့သို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၇၃၀၀ ခန့်အကွာ အလူးလေးကျေးရွာအနီး ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၀/၆)နှင့် (၁၂၀/၇)ကြား လမ်း၏ညာဘက်ခြမ်း ချုံပုတ်အတွင်း၌ KNLA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ဆင်ခြင်တုံတရားကင်းမဲ့စွာ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း ခုနစ်လုံးနှင့် ရှေ့ထွက်မိုင်းနှစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် အများပြည်သူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ KNLA၊ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများတွေ့ရှိရသည့်ဖြစ်စဉ် နေရာပြပုံ။




PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ပြည်သူများထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် မိုင်းထောင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို မကြာခဏလုပ်ဆောင်လျက်ရှိရာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအပေါ် ပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



KNLA၊ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ မှတ်တမ်းဓာတ်ပုံ။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၃၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၅၃၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၅၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ပဲစင်းငုံ ဧက ၃၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရက် ၉၀ ဆန်၂၄ ပြည်ဝင်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေနဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အခုလထဲမှာလဲ ရန်ကုန်ဈေးကွက်က အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။




ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက်စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# လှိုင်ကော်မြို့နယ် ရွာတန်းရှည်-မဟာပိန္နဲကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**လှိုင်ကော် ဇူလိုင် ၁၈**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လှိုင်ကော်မြို့နယ် ရွာတန်းရှည်-မဟာပိန္နဲ ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်ကော်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သုတေသနကျွမ်းကျင်-၂ ဦးချမ်းဟိန်းအောင်တို့က သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရွာတန်းရှည်-မဟာပိန္နဲ ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီမှု ရှိ၊ မရှိ တိုင်းတာစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ လှိုင်ကော်မြို့နယ် ရွာတန်းရှည်-မဟာပိန္နဲ ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁၂၈၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၉၆ ဒသမ ၄၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပြည့်ဖြိုးသာယာကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လှိုင်ကော်ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူ ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

## စွမ်းပြည့်ညီ ကျေပွန်စို့

- ပြည်သူ့လွှတ်လပ်ရေး သမိုင်းတွင်
  ကြိုးပမ်း တိုက်ပွဲဝင်၊
  ပြည်ကျိုး မြော်မြင် ဦးဆောင်လှမ်း
  ပြည်ချစ် ဇာနည်ပန်း။

- ဗိုလ်ချုပ်အောင်ဆန်း ပြည့်ဇာနည်
  ပုံ့သင်း သည်မြေမဟီ၊
  ပြည်ကောင်းဖို့ရည် လမ်းထွင်ပြု
  စံပြ သူ့ဂုဏ်ထု။

- သူ့ဦးဆောင်မှု လမ်းစဉ်ဝယ်
  တွဲလက် ညီစွာရယ်၊
  တိုင်းရင်းမျိုးနွယ် မျိုးချစ်များ
  ချီတက် နိုးနိုးကြား။

- စွန့်လွှတ်စွန့်စား စွဲမိဌာန်
  ပေါင်းစု လက်တွဲရုံ၊
  မြန်ပြည်အောင်လံ မြူးလွင့်ရေး
  တိုးတက်ဖို့ မြော်တွေး။

- လွတ်လပ်ရေးတွက် ကြိုးပမ်းစဉ်
  ဆိုးယုတ် ကြမ္မာငင်၊
  ဗိုလ်ချုပ်ပါဝင် ခေါင်းဆောင်ပိုင်း
  လုပ်ကြံ ဖြစ်ရပ်ရိုင်း။

- ပြည့်တွက်သမိုင်း ရိုင်းချက်နာ
  ပြည်လုံး မျက်ရည်ဖြာ၊
  ဖြေမပြေနိုင်စွာ လွမ်းအောင်ညှိုး
  ဇူလိုင် တစ်ဆယ့်ကိုး။

- နယ်ချဲ့သွေးထိုး လက်ပါးစေ
  သစ္စာဖောက်တို့ လက်ချက်ပေ၊
  ကျဆုံးရစေ ဖြစ်သနစ်
  တွေးမိတိုင်း ပြန်သစ်။

- ဇာနည်မျိုးချစ် ပန်းကိုးခိုင်
  ကြွေလွင့်ပြောသည့်တိုင်၊
  ပုံ့မွှေး ကြူလှိုင် လန်းထုံလျက်
  သစ်မြဲ ကြေးမုံထက်။

- သက်သွေးရင်းစက် ခေါင်းဆောင်တွေ
  ပြည်ကျိုးဆောင်ရင်းပေ၊
  လွင့်ကြွေသွားမင့် ရှေ့ဆက်လမ်း
  ဆက်ခံကြိုးပမ်း တို့ဖြည့်စွမ်း။

- ဗိုလ်ချုပ်မျှော်မှန်း ချမှတ်ရာ
  လမ်းစဉ်နှင့် ညီစွာ၊
  လှမ်းတက်ညီညာ ပန်းတိုင်သို့
  ကျရာဝန်တာ အားသွန်လို့
  ကျေးဇူးဆပ်ရင်း ကျေပွန်စို့။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# တောင်သူဝင်ငွေတိုးပွားရေး ကြက်သွန်နီတိုးချဲ့စိုက်ပျိုးပေး

သင်းသင်း

ကျွန်ုပ်တို့ လူသားအားလုံးဟာ ကျန်းမာသန်စွမ်းစေဖို့နဲ့ အာဟာရဓာတ်ပြည့်ဝစေဖို့အတွက် နေ့စဉ်အစားအစာတွေကို ချက်ပြုတ်ပြင်ဆင် စားသောက်နေကြရပါတယ်။ အစားအစာတွေချက်ပြုတ်ပြင်ဆင်ရာမှာ နံ့စားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံတွေဟာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်သလို စားဖိုဆောင်သီးနှံတွေကိုလဲ မဖြစ်မနေထည့်သွင်းချက်ပြုတ်ပြင်ဆင်ကြရပါတယ်။ စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးနှံတွေအနက် ကြက်သွန်နီဟာ ဟင်းလျာတိုင်းမှာ အဓိကပါဝင်တဲ့ အမည်တစ်ခုဖြစ်ပါတယ်။ ကျွန်ုပ်တို့မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်ဖို့အတွက် လျာထားကေပြည့်မီအောင်စိုက်ပျိုးတာ၊ စိုက်ဧရိယာတိုးချဲ့တာ၊ သီးထပ်သီးညှပ်တွေစိုက်ပျိုးတာ၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်တာ စတဲ့နည်းလမ်းပေါင်းစုံပေါင်းစပ်ကာ ဆောင်ရွက်လျက်ရှိပါတယ်။

ကြက်သွန်နီကို အာရှအလယ်ပိုင်း၊ အီရန်နဲ့ပါကစ္စတန်နိုင်ငံတို့ကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ ကြက်သွန်နီမျိုးဟာ ရှေးကတည်းက ပေါ်လာတာဖြစ်တဲ့အတွက် အရှေ့အလယ်ပိုင်းနဲ့အိန္ဒိယမှာ အများအပြားစိုက်ပျိုးခဲ့ကြပါတယ်။ အီဂျစ်ခေတ်အခါမှာ ကြက်သွန်နီဟာ ရေပန်းစားလာတဲ့ အစားအစာဖြစ်ပါတယ်။ ကြက်သွန်နီကို ယခုအခါမှာ အိန္ဒိယ၊ မလေးရှား၊ မြန်မာ၊ တရုတ်၊ ဖိလစ်ပိုင်၊ အီဂျစ်၊ အရှေ့နဲ့အနောက် အာဖရိက၊ အမေရိကန်နိုင်ငံတောင်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေအပါအဝင် ကမ္ဘာအနှံ့အပြားစိုက်ပျိုးလာကြပါတယ်။

ကြက်သွန်နီဆိုတာဟာ လက်တင်ဘာသာစကား အိုနီယိုနဲ့ ပြင်သစ်ဘာသာစကား အစ်နွန်မှ ဆင်းသက်လာတာဖြစ်ပြီး အစွမ်းထက်တဲ့ သဘာဝအစားအစာလို့ အဓိပ္ပာယ်ရပါတယ်။ ကြက်သွန်နီဟာ အခြားလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ နှိုင်းယှဉ်ရင် အာဟာရတန်ဖိုးမြင့်မားပြီး ပရိုတင်း အသင့်အတင့်ပါဝင်ကာ ကယ်လ်စီယမ်နဲ့ ရေဘိုဖလေဗင်များစွာ ပါဝင်ပါတယ်။ ကြက်သွန်နီရဲ့ ဖွံ့ဖြိုးမှုနဲ့ အချိန်ကာလအတိုအရှည်ပေါ်မူတည်ပြီး အရည်အသွေးအမျိုးမျိုးရှိပါတယ်။ ကြက်သွန်နီမှာ အော်ဂဲနစ်ဆာလ်ဖာဓာတ်ပေါင်းများစွာ ပါဝင်တဲ့အတွက် ထိခိုက်ဒဏ်ရာကြောင့် တစ်ရှူးတွေပျက်စီးတာကို သက်သာပျောက်ကင်းစေပါတယ်။ ကြက်သွန်နီဟာ စူးရှပြင်းထန်တဲ့ အနံ့ရှိပေမဲ့ ဟင်းလျာတွေချက်ပြုတ်ရာမှာ ထူးခြားစွာပြောင်းလဲပြီး အနံ့အရသာနဲ့ ပြည့်စုံလှပါတယ်။ ကြက်သွန်နီကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် ကမ္ဘာ့လူမျိုးပေါင်းစုံတို့ အသုံးပြုကြပါတယ်။

ကြက်သွန်နီမှာ သဘာဝဆေးဖက်ဝင် အာနိသင်တွေ တန်ဖိုးမဖြတ်နိုင်အောင် ထူးခြားစွာပါရှိပါတယ်။ ကြက်သွန်နီဥအပြင် ကြက်သွန်မြိတ်ကိုလဲ စားသုံးကြပါတယ်။ ကြက်သွန်နီမှာ အာဟာရတန်ဖိုးအနေနဲ့ စားသုံးနိုင်တဲ့အပိုင်း ၁၀၀ ဂရမ်မှာ ရေဓာတ် ၈၆ ဒသမ ၆ ရာခိုင်နှုန်း၊ ပရိုတင်း ၁၂ ရာခိုင်နှုန်း၊ အဆီ သုည ဒသမ ၁ ရာခိုင်နှုန်း၊ အမျှင်ဓာတ် သုည ဒသမ ၆ ရာခိုင်နှုန်း၊ သတ္တုဓာတ် သုည ဒသမ ၄ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒရိတ် ၁၁ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပါတယ်။ ကြက်သွန်နီကိုအစိမ်းစားတာ၊ ချက်ပြုတ်ကြော်လှော်စားသောက်တာ အမျိုးမျိုးပြုပြင်စားသောက်ကြပါတယ်။

ကြက်သွန်နီအပင်ဟာ ပင်ပျော့ပင်ငယ်မျိုးဖြစ်ပြီး အပင်အမြင့် တစ်ပေလောက်ထိရှိပါတယ်။ ပင်စည်မှာ ဥရဲ့အောက်ခြေတွင်ရှိပြီး အနည်းငယ်မာကျောကာ အဝိုင်းငယ်ပုံသဏ္ဌာန်ရှိပါတယ်။ ဥမှ အမြစ်များဖြာထွက်ပြီး အရွက်အနေနဲ့ အရွက်စုပြုထွက်ပါတယ်။ ပြွန်ပုံရှိပြီးပြောင်ချော၍ ပျော့ပျောင်းကာ အခေါင်းပါပါတယ်။ အပေါ်ဘက်ကို သေးသွယ်ပြီး ကျဉ်းမြောင်းသွားကာ ရွက်ထိပ်ချွန်ပြီး အစိမ်းရင့်ရောင်ရှိပေမဲ့ ရွက်ရင်းဖြူပါတယ်။ အပွင့်မှာ လုံးဝိုင်းတဲ့ ထီးပုံသဏ္ဌာန်ပန်းခိုင်မှာ ကြယ်ပုံပန်းပွင့် အဖြူလေးတွေပွင့်ပြီး ပွင့်ဖတ်အုံရှည်မျောမျောပုံရှိကာ ထိပ်ချွန်ပါတယ်။ ပြာသို၊ တပို့တွဲမှာ ပန်းပွင့်ပါတယ်။ ဥနီညိုရောင်ရှိပြီး လုံးဝိုင်းကာ အပေါ်ယံကို ပါးလွှာတဲ့အဖတ်တွေနဲ့ အထပ်ထပ်ဖုံးအုပ်ထားကာ အတွင်းမှာ အရည်ရွှမ်းတဲ့အသားဖတ်တွေရှိပါတယ်။ ကြက်သွန်နီတိုးချဲ့စိုက်ပျိုးရာမှာ လိုက်ပါလုပ်ဆောင်ရမဲ့ စိုက်နည်းစနစ်တွေကိုလဲ သိရှိဖို့လိုအပ်ပါတယ်။



ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ကြက်သွန်နီမျိုးတွေအနေနဲ့ ရွှေဖလား၊ ဘောင်စောက်၊ သပိတ်လုံး၊ မင်းတုံးဥမွှာမျိုးတို့ဖြစ်ပြီး အများဆုံးစိုက်ပျိုးတဲ့မျိုးမှာ ရွှေဖလားမျိုးဖြစ်ပါတယ်။ အစိုဓာတ်ရှိတဲ့မြေတွေမှာ စိုက်ပျိုးနိုင်ပါတယ်။ ကြိုက်နှစ်သက်တဲ့ မြေအချဉ်အငန်ဓာတ်မှာ (၆-၇) ထိ ဖြစ်ပါတယ်။ အပူအအေးသင့်တင့်တဲ့ ရာသီဥတုကိုကြိုက်နှစ်သက်ပါတယ်။ ကြက်သွန်ဥဖြစ်ပေါ်ချိန်မှာ အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်၊ ၂၇ ဒီဂရီ စင်တီဂရိတ်နဲ့ နေ့တာရှည်ဖို့လိုအပ်ပါတယ်။

ကြက်သွန်နီတစ်ဧကအတွက် ပျိုးထောင်ဖို့ တစ်ပြည်ကို အလေးချိန် ၇၅ ကျပ်သား၊ ၈၀ ကျပ်သားရှိတဲ့ မျိုးစေ့ နှစ်ပြည်၊ လေးပြည်ခန့် လိုအပ်ပါတယ်။ မြေဩဇာတွေထည့်သွင်းရာမှာ သဘာဝမြေဩဇာတွေ၊ဓာတ်မြေဩဇာတွေကို သတ်မှတ်နှုန်းထားတွေအတိုင်း အချိန်ကိုက်ထည့်သွင်းသုံးစွဲရမှာဖြစ်ပါတယ်။ သဘာဝမြေဩဇာ ၁၀ တန်၊ ၅၀ ကီလိုဝင်အိတ် ယူရီးယား နှစ်အိတ်၊ တီစူပါ နှစ်အိတ်၊ ပိုတက် တစ်အိတ် ထည့်သွင်းသုံးစွဲရမှာဖြစ်ပါတယ်။ ယူရီးယားမြေဩဇာကို ပျိုးပင်တွေပြောင်းရွှေ့စိုက်ချိန်နဲ့ စိုက်ပြီးတစ်လအကြာမှာ တစ်အိတ်စီထည့်သွင်းပေးရမှာဖြစ်ပါတယ်။ ကျန်မြေဩဇာတွေကို မြေပြင်ချိန်မှာ ထည့်သွင်းသုံးစွဲရမှာဖြစ်ပါတယ်။

ကြက်သွန်နီတစ်ဧကစိုက်ပျိုးဖို့အတွက် သုည ဒသမ ၀၅ ဧကအရွယ်ရှိပျိုးခင်းမှာ မျိုးစေ့တွေကို ညီညာစွာ အတန်းလိုက်ဖြူးချပြီး ပျိုးထောင်ရပါမယ်။ မျိုးစေ့ချပြီးနောက် နွားချေးမှုန့်ပါးပါးဖြူးပြီး သဲကြမ်းနဲ့ ဖုံးအုပ်ပေးရပါမယ်။ မျိုးစေ့တွေအညှောက်ပေါက်ညီညာစေဖို့ ကောက်ရိုး၊ မြက်ခြောက်တွေနဲ့ ဖုံးအုပ်ရပါမယ်။ မျိုးစေ့နှုန်းထားအနေနဲ့ (၃x၁၈)ပေ ပေါင်တစ်ပေါင်ကို မျိုးစေ့ တစ်ဘူးအသုံးပြုရပါမယ်။ ပျိုးသက် တစ်လခန့်ရှိပါက ပျိုးပေါင်တစ်ပေါင်မှာ ယူရီးယားနို့ဆီဘူးနှစ်ဘူး ထည့်ပေးရပါမယ်။

ကြက်သွန်နီဟာ ကြီးထွားမှုနှေးတဲ့ သီးနှံဖြစ်တဲ့အတွက် ပေါင်းမြက်ကြိုတင်ကာကွယ်နှိမ်နင်းဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရာမှာ ပေါင်စနစ်နဲ့ဖြစ်ဖြစ်၊ ကန်သင်းဖော်ပြီးဖြစ်ဖြစ် စိုက်ပျိုးရပါမယ်။

ကြက်သွန်နီကို စိုက်ပျိုးရာမှာ ကြက်သွန်မျိုးဥ ဥသေးမှ စိုက်ပျိုးတာ၊ ဖော့်မွှားအသေးစိုက်ပျိုးတာ၊ အစေ့မှပျိုးထောင်ပြီး ရွှေ့ပြောင်းစိုက်ပျိုးတဲ့နည်းတို့နဲ့ စိုက်ပျိုးနိုင်ပါတယ်။ တစ်ဧက အပင်ရေ ၂၅၀၀၀၀၊ ၃၀၀၀၀၀ ဝင်ဆံ့စေဖို့အတွက် ပင်ကြား၊ တန်းကြား အကွာအဝေးအနေနဲ့ (၃x၄)လက်မ စိုက်ပျိုးရမှာ ဖြစ်ပါတယ်။ ကြက်သွန်နီအမြစ်တွေဟာ အပေါ်ယံမြေလွှာမှာရှိတဲ့အတွက် ကြက်သွန်ခင်းဟာ မစိုလွန်းမခြောက်လွန်းတဲ့ အခြေအနေမှာ အမြဲရှိနေဖို့လိုအပ်ပါတယ်။ ရေသွင်းချိန်ရောက်၊ မရောက်ကို ကြက်သွန်ပင်အခြေအနေကိုကြည့်ပြီး သိနိုင်ပါတယ်။ ကြက်သွန်ပင်ရေငတ်ပါက အရွက်တွေပြာမှိုင်းပြီး နွမ်းခွေလာပါတယ်။ မြေအလွန်ခြောက်အောင်ထားပြီး ရေသွင်းပါက ကြက်သွန်အခွံအက်ကွဲတတ်ပါတယ်။ စိုက်ပျိုးပြီးတစ်လအကြာမှာ တစ်ကြိမ်ရေသွင်းပေးဖို့လိုပါတယ်။ အဲဒီနောက် ခြောက်ရက်၊ ရှစ်ရက်ခြားတစ်ကြိမ် ရေပေးသွင်းရမှာဖြစ်ပြီး မြေအစိုဓာတ်အနည်းအများပေါ်မူတည်ကာ ရေသွင်းကြိမ် ငါးကြိမ်ကနေ ရှစ်ကြိမ်ထိ လိုအပ်သလို ရေပေးသွင်းရမှာဖြစ်ပါတယ်။

ကြက်သွန်နီဟာ သရစ်ပိုး၊ ပျပိုး၊ ဒေါင်းနီးမှိုရောဂါနဲ့ ပင်ခြေပုပ်ရောဂါတွေ ကျရောက်တတ်ပါတယ်။ ပိုးမွှားရောဂါတွေကျရောက်ဖျက်ဆီးပါက ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း(IPM)နဲ့ ကာကွယ်နှိမ်နင်းရပါမယ်။ သရစ်ပိုးနဲ့ပျပိုးတွေကျရောက်ပါက ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးနဲ့ ကာကွယ်နှိမ်နင်းရပါမယ်။ ဒေါင်းနီးမှိုရောဂါနဲ့ ပင်ခြေပုပ်ရောဂါတွေကို ရောဂါသတ်ဆေးတစ်မျိုးမျိုးကို ပက်ဖျန်းရပါမယ်။

ကြက်သွန်နီဟာ စနစ်တကျအပင်ပြုစုစောင့်ရှောက်နည်းတွေပြုလုပ်ပါက တစ်ဧကပျမ်းမျှ ပိဿာ ၃၀၀၀ မှ ၅၀၀၀ ထိ ထွက်ရှိနိုင်ပါတယ်။ ကြက်သွန်နီကို အမြိတ်စားအတွက် စိုက်ပျိုးပါက ကြက်သွန်ဥအရွယ်အစား ခဲတံလုံးလောက်ရှိရင် လက်ဖြင့်ဆွဲနုတ်ပြီး ရိတ်သိမ်းနိုင်ပါတယ်။ ကြက်သွန်မြိတ်တစ်ပိဿာကို အရွက် ၃၅ ကျပ်သား၊ ဥအလေးချိန် ၆၅ ကျပ်သားရှိပါက ကြက်သွန်မြိတ်အဖြစ်နုတ်ရောင်းနိုင်ပါတယ်။ ဥကြီးအတွက် ရိတ်သိမ်းပါက အရွက် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း ခြောက်လာရင် လက်နဲ့ဆွဲနုတ်ရိတ်သိမ်းနိုင်ပါတယ်။ အရွက်တွေအားလုံးခြောက်မှ ရိတ်သိမ်းရင် ကြက်သွန်ဥဟာ အမြစ်တွေထွက်လာပြီး ရောင်းတမ်းမလှတော့ပါ။ ဥတွေကိုနုတ်ပြီးလျှင်ပြီးချင်း အရွက်တွေကို မဖြတ်ဘဲ တစ်ပတ်လောက် အရိပ်အောက်မှာထားပြီးမှ နှစ် လက်မခန့်ချန်၍ဖြတ်ရပါမယ်။

**ကြက်သွန်နီ အထွက်နှုန်းတိုးတက်မြင့်မားစေရန် ဆောင်ရွက်ရမည့်အချက်များ**

(၁) ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ကြာရှည်အထားခံသော ရွှေဖလားမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။

(၂) မျိုးစေ့ တစ်ပြည်လျှင် အလေးချိန် ၇၅ ကျပ်သားထက်များသော မျိုးစေ့များကိုရေစိမ်၍ အောင်စေ့များရွေးချယ်စိုက်ပျိုးပါ။ တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်မှ လေးပြည်နှုန်း အသုံးပြုစိုက်ပျိုးပါ။

(၃) မြေအချဉ်အငန်ဓာတ် (၆-၇)ရှိ မြေမျိုးတွင် ထယ်ရေးနက်နက်နှင့် ညက်ညက်ထွန်၍ ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။

(၄) ပင်ကြား၊ တန်းကြား (၃x၄)လက်မအကွာအဝေးဖြင့် တစ်ဧကလျှင် အပင် ၂၅၀၀၀၀ မှ ၃၀၀၀၀၀ ဝင်ဆံ့အောင် စိုက်ပျိုးပါ။

(၅) သန်မာသောပျိုးပင်များရရှိစေရန် ပျိုးပေါင်ကို စနစ်တကျပြုပြင်၍ ပျိုးသက် ၄၅ ရက် မှ ရက် ၅၀ သားတွင် ပြောင်းရွှေ့စိုက်ပျိုးပါ။

(၆) တစ်ဧကလျှင် သဘာဝမြေဩဇာ ၁၀ တန်၊ ယူရီးယား ၅၀ ကီလိုဝင် နှစ်အိတ်၊ တီစူပါ ၅၀ ကီလိုဝင် နှစ်အိတ်၊ ပိုတက် ၅၀ ကီလိုဝင် တစ်အိတ်နှုန်းထည့်ပေးပါ။

(၇) ရွှေ့ပြောင်းစိုက်ပြီး ၂၅ ရက်မှ ရက် ၃၀ ကြာတွင် ကြားပေါင်းလိုက်ပါ။ သီးနှံတစ်ရာသီတွင် ကြားပေါင်းလိုက်ခြင်း သုံးကြိမ်ခန့် ဆောင်ရွက်ပါ။

(၈) ရွှေ့ပြောင်းစိုက်ပြီး ၂၅ ရက်၊ ရက် ၃၀ မှ စတင်ကာစိုက်ခင်း၌ အစိုဓာတ်လုံလောက်မှုရှိစေရန် ရေသွင်းခြင်းကို အမြဲဂရုစိုက်ဆောင်ရွက်ရမည်။ မြေအစိုဓာတ်ပေါ်မူတည်၍ ရေသွင်းကြိမ် ငါးကြိမ်မှ ရှစ်ကြိမ်ထိရေပေးသွင်းရမည်။

(၉) အပင်စုပ်ပိုးကျရောက်မှု အခြေအနေပေါ်မူတည်၍ ပင်လုံးပြန့်ပိုးသတ်ဆေးဖြင့် ပက်ဖျန်း၍ ကာကွယ်နှိမ်နင်းပါ။

(၁၀) မှိုရောဂါကျရောက်နိုင်သည့် မိုးအုံ့ခြင်း၊ မိုးဖွဲရွာခြင်း စသည့် ရာသီဥတုဖောက်ပြန်မှုရှိပါက သင့်တော်သော မှိုသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းပါ။

(၁၁) ကြက်သွန်ရွက်များ ၁၅ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်း ခြောက်လာလျှင် နုတ်သိမ်းပါ။

(၁၂) နုတ်သိမ်းပြီး ကြက်သွန်ဥများကို တစ်ပတ်ခန့် လေသလပ်ခံပြီးမှ အမြိတ် နှစ်လက်မခန့် ချန်၍ဖြတ်ပါ။ လေဝင်၊ လေထွက်ကောင်းသော အရိပ်အောက်တွင် သိုလှောင်ပါ။

ကြက်သွန်နီကိုပြည်တွင်းသာမက ပြည်ပကိုလဲ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ကြက်သွန်နီဟာ ဈေးကွက်ကောင်းမွန်တဲ့သီးနှံဖြစ်ပြီး တစ်ဧကကုန်ကျစရိတ်နဲ့ ဝင်ငွေအချိုးကိုတွက်ချက်ကြည့်ပါက ၁:၃ ထိရရှိသဖြင့် တောင်သူတွေ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝမြင့်မားစေဖို့နဲ့ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေဖို့ ကြက်သွန်နီသီးနှံတွေ တိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းဖော်ပြလိုက်ရပါတယ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၄၃၃၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ကြောင်း ဟင်းသီးဟင်းရွက်ကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဇလွန်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များအရောင်းအဝယ် ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို ဇူလိုင်လပထမအပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ဟသ်ာတမြို့နဲ့ အခြားဒေသဈေးကွက်တွေကပါ ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်ကုန်သည်တွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရာမှာ အခက်အခဲမရှိပါဘူး"ဟု ဇလွန်မြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျ ထုပ်ပိုးတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကွမ်းစိုက်တောင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်းတည်မြို့နယ် လိပ်ခွဲကျေးရွာ၌ ကျေးရွာတွင်းမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် လိပ်ခွဲကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၇ ရက်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက လိပ်ခွဲကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၇ ဒသမ ၆ သန်း၊ ပြည်သူထည့် ဝင်ငွေကျပ် ၅ ဒသမ ၆၅၆၂ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၃ ဒသမ ၂၅၆၂ ဖြင့် ၂၀၂၅ ခုနှစ် ဧပြီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**




# ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ၌ RBF စီမံကိန်းကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်လူးကျေးရွာအုပ်စု ညောင်လူးကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဖြင့် နို့စားနွားမွေးမြူရေး လုပ်ငန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ လုပ်ငန်းအဖွဲ့ဝင် ရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် (RBF) စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့ကြောင်း သိရသည်။

ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း စီမံကိန်းထောက်ပံ့ငွေကျပ်သိန်းသုံးရာဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ အစုအဖွဲ့များစုဖွဲ့ကာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးထံမှ သိရသည်။

**သူသူငြိမ်း**

## ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တရုတ်-အီရန် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေး အလားအလာ

ဝင်းဇင်(သုတေသန)

အီရန်နိုင်ငံသည် အစ္စရေးနှင့်ပဋိပက္ခဖြစ်ပွားပြီးနောက် လေကြောင်းရန်ကာကွယ်ရေးစနစ်နှင့် ထောက်လှမ်းရေးပစ္စည်းများကို ပြန်လည်ပြုပြင်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် အီရန်သည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာနယ်ပယ်အတွက် စစ်မှန်သောမိတ်ဖက်နိုင်ငံရှာဖွေသွားရန် အလားအလာရှိနေသည်။

ထိုသို့သောအခြေအနေတွင် တရုတ်နိုင်ငံသည် အီရန်၏မိတ်ဖက်နိုင်ငံဖြစ်လာမည့် အလားအလာရှိနေသည်။ မကြာသေးမီအချိန်အတွင်းကပင် အီရန်နှင့်တရုတ်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာနီးစပ်သောဆက်ဆံရေးကို ထူထောင်လာလျက်ရှိပြီး အီရန်သည် တရုတ်၏စစ်လက်နက်ပစ္စည်းများကို ဝယ်ယူလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် အိန္ဒိယနှင့် တင်းမာမှုဖြစ်နေစဉ် တရုတ်နိုင်ငံလေကြောင်းရန်ကာကွယ်ရေးစနစ်များကို အောင်မြင်စွာ အသုံးချနိုင်မှုသည် အီရန်အတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။


**အကျိုးကျေးဇူးများ**

တရုတ်နိုင်ငံအနေဖြင့် အီရန်နှင့် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးထူထောင်ခြင်းအားဖြင့် ချက်ချင်းရရှိလာနိုင်သည့် အကျိုးကျေးဇူးများအနက် တစ်ခုမှာ သမားရိုးကျ ပင်လယ်ရေကြောင်းလမ်းများနေရာတွင် အစားထိုးစွမ်းအင်စင်္ကြံလမ်းကို တစ်စုတစ်စည်းတည်းဖြစ်အောင် လုပ်ဆောင်နိုင်မည့်အလားအလာရှိနေခြင်းပင်ဖြစ်သည်။ အီရန်အခြေခံ အဆောက်အအုံများမှတစ်ဆင့် အီရတ်၏စွမ်းအင်ကြွယ်ဝသောဒေသများကို ဆက်သွယ်ပြီး ပါကစ္စတန်သို့သယ်ဆောင်ခြင်းအားဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ကုန်းတွင်းပိုင်း စွမ်းအင်လုံခြုံမှုကို တိုးချဲ့လာနိုင်မည်ဖြစ်သည်။

အမှန်တော့ အီရတ်-အီရန်-ပါကစ္စတန်စင်္ကြံသည် တရုတ်ကို အရှေ့အလယ်ပိုင်းဒေသသို့ ချိတ်ဆက်နိုင်မည့်အပြင် မဟာမိတ်ပါကစ္စတန်၏စွမ်းအင်လုံခြုံမှုကိုလည်း တိုးတက်လာစေမည်ဖြစ်သည်။ အဆိုပါ စင်္ကြံတိုးတက်လာမည်ဆိုလျှင် တရုတ်နိုင်ငံကို မလက္ကာရေလက်ကြားနှင့် ဘတ်အဲလ်မန်ဒက်ရေလက်ကြားတို့ကဲ့သို့သော ပင်လယ်ရေကြောင်းအကျပ်အတည်းမှ တစ်စိတ်တစ်ဒေသအားဖြင့် အကာအကွယ်ပေးနိုင်မည့်အပြင် စွမ်းအင်ရောင်းဝယ်ရေးကွင်းဆက်အတွက်လည်း ရေရှည်အကျိုးဖြစ်ထွန်းလာစေနိုင်သည်။

အထူးသဖြင့် အီရန်နှင့် ကာကွယ်ရေးဆိုင်ရာနက်ရှိုင်းသောဆက်ဆံရေးများသည် တရုတ်နိုင်ငံကို ဟော်မုဇ်ရေလက်ကြားကို သွယ်ဝိုက်လွှမ်းမိုးနိုင်မည့်အခွင့်အလမ်း ကမ်းလှမ်းပေးသွားနိုင်ဖွယ်ရာရှိနေသည်။ တရုတ်နိုင်ငံအနေဖြင့် အီရန်၏ အဓိကလုံခြုံရေးမိတ်ဖက်နိုင်ငံ ဖြစ်လာမည်ဆိုလျှင် ဒေသတွင်းတင်းမာမှုများ ဖြစ်ပေါ်လာသည့်အချိန်တွင် အီရန်၏အပြုအမူများကို ပိုမိုညှိနှိုင်းဆောင်ရွက်လာနိုင်မည့်အပြင် ဟော်မုဇ်ရေလက်ကြားကိုလည်း ဆက်လက်ဖွင့်လှစ်ထားရှိကာ ရေကြောင်းသွားလာမှုများလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံ၏ ကိုယ်ပိုင်လုံခြုံရေးအပြင် ပင်လယ်ကွေ့နိုင်ငံများ၏ လုံခြုံရေးအတွက်လည်း များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အီရန်၏မဟာဗျူဟာမြောက် တွက်ချက်မှုများအပေါ် ဩဇာလွှမ်းမိုးထားခြင်းသည် ဟန့်တားမှုနှင့် တည်ငြိမ်မှုတို့ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း တရုတ်က ရှုမြင်ထားရှိသည်။

တရုတ်နိုင်ငံအတွက် အဓိကကျသော အခြားအကျိုးအမြတ်သည် တောင်အာရှဒေသတွင် အိန္ဒိယ၏လွှမ်းမိုးလာမှုကိုထိန်းချုပ်ရန် အခွင့်အလမ်းတိုးမြင့်ရရှိလာစေမည်ဖြစ်သည်။ အိန္ဒိယအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဦးဆောင်သောပိတ်ဆို့မှုများကိုလိုက်နာပြီး အီရန်မှ ရေနံတင်သွင်းမှုရပ်ဆိုင်းခဲ့ကာ အီရန်သည် အိန္ဒိယနှင့်ဆက်ဆံရေး တဖြည်းဖြည်းဝေးကွာလာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အီရန်၏ အဓိက



တရုတ်သမ္မတနှင့် အီရန်သမ္မတတို့ တွေ့ဆုံစဉ်။

မိတ်ဖက်နိုင်ငံဖြစ်လာမည်ဆိုလျှင် ပထဝီအနေအထားအရ အရေးပါသည့် အလယ်အာရှနှင့် တောင်ကော့ကေးဆပ်ဒေသတို့တွင် ထားရှိသော အိန္ဒိယ၏ရည်မှန်းချက်များအပေါ် အဟန့်အတားဖြစ်လာစေနိုင်သည်။ တရုတ်အနေဖြင့် အီရန်နှင့် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်မှုနှင့်အတူ အီရန်နိုင်ငံကို ကုန်းတွင်းဖြတ်ကျော်လမ်းကြောင်းနှင့် ပထဝီနိုင်ငံရေးဆိုင်ရာကြားခံဇုန်အဖြစ် အသုံးချလျက် တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ(CPEC)ကို အချိန်ကိုက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတကာ တောင်-မြောက် ပို့ဆောင်ရေးစင်္ကြံ(INSTC)မှတစ်ဆင့် အလယ်အာရှနှင့် အာဖဂန်နစ္စတန်ကို ချိတ်ဆက်မည့် အိန္ဒိယ၏ ကြိုးပမ်းမှုများအပေါ် ထိခိုက်လာစေနိုင်သည်။ INSTC သည် အီရန်၏ ချာဘဟာဆိပ်ကမ်းတွင် အိန္ဒိယ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်းအပေါ် မူတည်လျက်ရှိသည်။ အီရန်အနေဖြင့် တရုတ်နိုင်ငံကို ချာဘဟာဆိပ်ကမ်းတွင် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုသွားမည်ဆိုလျှင် INSTC ဖြစ်နိုင်ခြေအလားအလာသည် မှေးမှိန်သွားမည်ဖြစ်သည်။ ထို့ကြောင့် အလယ်အာရှသို့ မဟာဗျူဟာမြောက်ဝင်ရောက်ခွင့်ငြင်းဆိုရန်နှင့် တရုတ်နိုင်ငံ၏ ပိုးလမ်းမရပ်ဝန်းစီမံကိန်း(BRI) ကို ဟန်ချက်ထိန်းညှိရန်ကြိုးပမ်းမည့် အိန္ဒိယနိုင်ငံအပေါ် သက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။

**စွန့်စားရနိုင်ခြေများ**

တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံနှင့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတိုးချဲ့ရာတွင် ထင်ရှားသော ဂယက်ရိုက်ခတ်မှုများ ရှိလာနိုင်သည်။ တရုတ်အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ တုံ့ပြန်လာနိုင်မှုအခြေအနေများနှင့် ၎င်း၏ရည်မှန်းချက်များကိုဟန်ချက်ထိန်းညှိကာ သတိထားလုပ်ဆောင်သွားရန်လိုအပ်သည်။ တရုတ်နှင့် အီရန် မိတ်ဖက်ဆက်ဆံရေး ကောင်းမွန်ခြင်းသည် ပထဝီနိုင်ငံရေးအရ အသုံးတည့်သော်လည်း အခြားနိုင်ငံများ၏ သံခင်းတမန်ခင်းအပေါ် သက်ရောက်မှုများရှိနိုင်ပေသည်။ လုံခြုံရေးနှင့် စစ်ရေးနယ်ပယ်တို့တွင် အီရန်နှင့် လိုက်လျောညီထွေဆောင်ရွက်ခြင်းသည် တရုတ်နိုင်ငံကို အရှေ့အလယ်ပိုင်းနှင့် အခြားသောဒေသများ၏ သံခင်းတမန်ခင်းဆက်ဆံရေးအပေါ် သက်ရောက်မှုများ ရှိလာနိုင်ပေသည်။

တရုတ်၏ စိုးရိမ်ပူပန်မှုများအနက် တစ်ခုမှာ အစ္စရေးနှင့် ဆက်ဆံရေးအပေါ်သက်ရောက်မှုရှိလာနိုင်ခြင်းပင်ဖြစ်သည်။ လက်ရှိတွင် တရုတ်နှင့်အစ္စရေးတို့သည် ကောင်းမွန်သောဆက်ဆံရေးရှိကာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပုံမှန်တိုးတက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ဆိပ်ကမ်းများနှင့် နည်းပညာများအပါအဝင် အစ္စရေးအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

အခြားအထိခိုက်မခံနိုင်သော နယ်ပယ်တစ်ခုမှာ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(GCC)နိုင်ငံများ၊ အထူးသဖြင့် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စုတို့နှင့် တရုတ်နိုင်ငံ၏ထိရောက်သည့် ကုန်သွယ်မှုဆက်ဆံရေးပင်ဖြစ်သည်။ အဆိုပါနိုင်ငံများသည် စွမ်းအင်မှသည် အုပ်ချုပ်ထောက်ပံ့မှုထိ ကျယ်ပြန့်လှသည့်ကဏ္ဍများတွင် တရုတ်နိုင်ငံအတွက် အဓိကစီးပွားရေးမိတ်ဖက်နိုင်ငံများဖြစ်သည်။ အီရန်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ နီးကပ်သောပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးအပေါ် သက်ရောက်မှုရှိလာနိုင်ပေသည်။

သို့သော် အငြင်းပွားဖွယ်အချက်မှာ အီရန်နိုင်ငံနှင့်တရုတ်နိုင်ငံ၏ နီးကပ်သောဆက်ဆံရေးသည် GCC နိုင်ငံများအပေါ် ဩဇာလွှမ်းမိုးမှုကို မြင့်တက်လာစေနိုင်ခြင်းပင်ဖြစ်သည်။ တရုတ်အနေဖြင့် အီရန်အပေါ် ကြားဝင်ဖျန်ဖြေပေးသူနှင့် ဟန့်တားမှုစွမ်းဆောင်ရည်ထောက်ပံ့သူအဖြစ် လွှမ်းမိုးထားခြင်းအားဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်သူအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် တရုတ်နိုင်ငံသည် အီရန်အပြင် အီရန်၏ တောင်ဘက်ရှိ အိမ်နီးချင်းနိုင်ငံများနှင့်လည်း သံခင်းတမန်ခင်း တိုးချဲ့လာနိုင်မည်ဖြစ်သည်။

သို့သော် တရုတ်နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အမေရိကန်၏ပိတ်ဆို့မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်သည်။ တရုတ်နှင့် အီရန်တို့အနေဖြင့် ပိတ်ဆို့မှုများကို ကျော်လွှားနိုင်သည့် ပေါင်းစပ်နည်းလမ်းများနှင့် ကွန်ရက်များ ရှိနေသော်လည်း အီရန်သို့ နည်းပညာနှင့် ကာကွယ်ရေးဆိုင်ရာပစ္စည်းများတင်ပို့နေသော ကုမ္ပဏီများအနေဖြင့် တရားဥပဒေကြောင်းဆိုင်ရာ စွန့်စားရမှုများရှိနေဆဲပင်ဖြစ်သည်။ တရုတ်နှင့် အမေရိကန်တို့ကြား ကုန်သွယ်မှုနှင့် နည်းပညာဆိုင်ရာ တင်းမာမှုများ မြင့်တက်နေသည့်အချိန်တွင် တရုတ်အနေဖြင့် အီရန်သို့ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ တင်ပို့ခြင်းဖြင့် အကျိုးအမြတ်များ ရရှိနိုင်ကြောင်းကို ထည့်သွင်းစဉ်းစားထားဖွယ်ရာ ရှိနေသည်။

**နိဂုံး**

တရုတ်နှင့် အီရန်တို့ကြား ကာကွယ်ရေးဆိုင်ရာ နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုရန် ပထဝီနိုင်ငံရေးဆိုင်ရာ အားသာချက်များရှိနေသော်လည်း ဖြစ်ပေါ်လာနိုင်သည့်ရလဒ်များကို စေ့စပ်သေချာစွာ စီမံဆောင်ရွက်သွားရန် လိုအပ်ပေသည်။ မည်သို့ပင်ဆိုစေ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အင်စတီကျူးရှင်းပိုင်းဆိုင်ရာများကို ဆောင်ရွက်ထားပြီးဖြစ်ရာ တရုတ်- အီရန် ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ၂၀၂၁ ခုနှစ်တွင် လက်မှတ်ရေးထိုးထားရှိပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)တွင်လည်း ဘုံအဖွဲ့ဝင်များဖြစ်နေသည်။

တရုတ်၏ချဉ်းကပ်မှုသည် လက်တွေ့ကျနိုင်ပြီး လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ဆိုက်ဘာနည်းပညာများ၊ စောင့်ကြည့်ပလက်ဖောင်းများနှင့် ဒရုန်းနည်းပညာများထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းတို့ကို ရွေးချယ်ဆောင်ရွက်သွားနိုင်ပေသည်။ ထိုသို့ ရောင်းချထောက်ပံ့ရာတွင် အမေရိကန်ပိတ်ဆို့မှုများနှင့် ဒေသတွင်းနိုင်ငံများ၏တုံ့ပြန်မှုများဖြစ်ပေါ်မလာအောင်ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

ဆိုရလျှင် အီရန်နိုင်ငံ၏ ပထဝီမြေအနေအထား၊ သဘာဝအရင်းအမြစ်များနှင့် မဟာဗျူဟာမြောက် ရပ်တည်ချက်တို့သည် ယူရေးရှားဒေသချိတ်ဆက်မှု၊ ဒေသတွင်း ဟန်ချက်ထိန်းညှိမှုနှင့် စီးပွားရေးလုပ်ငန်းတို့ချဲ့မှုတို့ လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံ၏ ရည်မှန်းချက်များ ပြည့်မြောက်စေမည့် သင့်လျော်သော မိတ်ဖက်ဖြစ်နေသည်။ သို့သော် တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုလည်း သတိထားလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အီရန်ထံမှ အကျိုးအမြတ်များရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သော်လည်း အီရန်၏ပြိုင်ဘက်နိုင်ငံများထံမှ တုံ့ပြန်မှုများ ဖြစ်ပေါ်လာနိုင်မှုကို ရှောင်ရှားနိုင်ရန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Will China Become Iran's Major Defense Partner? by The Diplomat.

# စပိန်နိုင်ငံ မက်ဒရစ်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ များပြားလာ



**မက်ဒရစ် ဇူလိုင် ၁၈**

စပိန်နိုင်ငံ မက်ဒရစ်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူများပြားလာကြောင်း စပိန်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဇူလိုင် ၁၇ ရက်မှစတင်၍ ထိန်းချုပ်ရ ခက်သည့် အဆင့်သို့ရောက်ရှိခဲ့ပြီး လူနေအိမ်များဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၃၀၀၀ ကျော်ထိ လောင်ကျွမ်းပျက်စီးခဲ့ကြောင်း စပိန်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"မက်ဒရစ်မြို့တော် အနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ဇူလိုင် ၁၇ ရက်ကစပြီး ထိန်းချုပ်ရခက်တဲ့ အဆင့်ကိုရောက်ရှိခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၃၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့ပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ မက်ဒရစ်မြို့တစ်ဝိုက်မှာ တောမီးကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေကြောင့် မြင်ကွင်းမရှင်းတော့ဘဲ ကောင်းကင်တစ်ခုလုံးလဲ မီးခိုးတွေဖုံးလွှမ်းပြီး လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု စပိန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုအခြေအနေ ပိုမိုမြင့်တက်လာခဲ့ခြင်းဖြစ်ပြီး တောမီးကူးစက်လောင်ကျွမ်းမှု အရှိန်မြင့်တက်လျက်ရှိကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုသည် မြန်ဆန်နေကြောင်း စပိန်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကနေဒါနိုင်ငံ အွန်တေရီးယိုးပြည်နယ်နှင့် ကွီဘက်ပြည်နယ်တို့တွင် လေဆင်နှာမောင်း တိုက်ခတ်လာဖွယ်ရှိနေကြောင်း ထုတ်ပြန်

**အော့တဝါ ဇူလိုင် ၁၈**

ကနေဒါနိုင်ငံ အွန်တေရီးယိုးပြည်နယ်နှင့် ကွီဘက်ပြည်နယ်တို့တွင် လေဆင်နှာမောင်းတိုက်ခတ်လာဖွယ်ရှိနေကြောင်း ကနေဒါမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်သွားခဲ့ကြောင်း ဇူလိုင် ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

အွန်တေရီးယိုးပြည်နယ် အရှေ့ဘက်ပိုင်းနှင့် ကွီဘက်ပြည်နယ်တောင်ဘက်ပိုင်းတို့တွင် လေဆင်နှာမောင်း တိုက်ခတ်လာဖွယ်ရှိနေပြီး လေဆင်နှာမောင်းဝင်ရောက်မည့်လက္ခဏာများ ပြသနေကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မည့် ရှေ့ပြေးလက္ခဏာအဖြစ် လေပြင်းတိုက်ခတ်နေပြီး လေပြင်းကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုများရှိနေကြောင်း ကနေဒါမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အွန်တေရီးယိုးပြည်နယ်နဲ့ ကွီဘက်ပြည်နယ်တို့မှာ လာမဲ့ ၄၈ နာရီအတွင်း လေဆင်နှာမောင်း ဝင်ရောက်လာနိုင်ပါတယ်။ လေဆင်နှာမောင်း ဝင်ရောက်တော့မဲ့ ရှေ့ပြေးလက္ခဏာဖြစ်တဲ့ လေပြင်းတိုက်ခတ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ လေပြင်းတိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုတွေရှိနေပါတယ်။ လေပြင်းအဆင့်မှာတောင် ဒီလိုပျက်စီးမှုတွေ ရှိနေတဲ့အတွက် လေဆင်နှာမောင်းသာ ဝင်ရောက်လာရင် ပျက်စီးမှုတွေ ပိုများလာနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားသင့်ပါတယ်"ဟု ကနေဒါမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ မီးတောင်ပေါက်ကွဲပြီး မီးခိုးများ၊ ပြာနှင့် ချော်ရည်များ ထုတ်လွှတ်ခဲ့

**ရေးကျာဗစ်ခ် ဇူလိုင် ၁၈**

အိုက်စလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ မီးတောင်သည် ဇူလိုင် ၁၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးများ၊ ပြာနှင့် ချော်ရည်များ ထုတ်လွှတ်ခဲ့သည်ဟု အိုက်စလန်နိုင်ငံ အာဏာပိုင်များက ဇူလိုင် ၁၇ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ရေခဲပြင်များနှင့် မီးတောင်များ ပူးတွဲရှိသော မြောက်အတ္တလန္တိတ်ကျွန်းနိုင်ငံဖြစ်သည့် အိုက်စလန်နိုင်ငံတွင် ၂၀၂၁ ခုနှစ်ကစပြီး မီးတောင်ပေါက်ကွဲမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ လက်ရှိတွင် မီးတောင် ပေါက်ကွဲမှုကြောင့် မီးခိုးများ၊ ပြာနှင့် လိမ္မော်ရောင် ချော်ရည်များသည် အနီးပတ်ဝန်းကျင်တွင် ပျံ့နှံ့လျက်ရှိသဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် အိုက်စလန်မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။



"အခုအချိန်ထိတော့ မီးတောင်ပေါက်ကွဲမှုက လူနေအိမ်နဲ့အခြေခံအဆောက်အအုံတွေကို ထိခိုက်ပျက်စီးစေတာ မရှိသေးပါဘူး။ ရေးကျာဗစ်စ်မြို့တော် Keflavik လေဆိပ်ရဲ့ လေယာဉ်ခရီးစဉ်တွေလဲ ထိခိုက်မှုမရှိပါဘူး"ဟု ပြည်သူ့အသံလွှင့်ဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# အမေရိကန်နိုင်ငံ အလက်စကာကျွန်းဆွယ်တွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူ့ရှိ ငလျင်လှုပ်ခတ်

**ဝါရှင်တန် ဇူလိုင် ၁၈**

အမေရိကန်နိုင်ငံ အလက်စကာကျွန်းဆွယ်တွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူ့အဆင့်ရှိ ငလျင်တစ်ခု ဇူလိုင် ၁၆ ရက်က လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိသိပ္ပံပညာဌာနက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် အလက်စကာကျွန်းဆွယ်၏ အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်တချို့ ပြိုလဲခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် စိတ်ချရမှုမရှိသော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများလည်းရှိကြောင်း၊ အဆိုပါ အဆောက်အအုံများကို စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ ဒေသခံများကို နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ငလျင်အင်အားပြင်းထန်သည့်အတွက် အမေရိကန် ဆူနာမီသတိပေးစနစ်သည် ငလျင်လှုပ်ခတ်ပြီးနောက် အလက်စကာပြည်နယ်ရှိ ဒေသတချို့တွင် ဆူနာမီသတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# တောင်ကိုရီးယားနိုင်ငံ ချောင်ချွန်စီရင်စုတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယားနိုင်ငံ ချောင်ချွန်စီရင်စု တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံဦးရေ ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်းတောင်ကိုရီးယားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် မီလီမီတာ ၁၀၀ ထိ ရောက်ရှိခဲ့သဖြင့် မြစ်ရေလျှံတက်ကာ အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ရေလျှံတက်မှုကြောင့် အခြေခံ အဆောက်အအုံတချို့ ပျက်စီးကာ ဒေသခံများအရေးပေါ်အခြေအနေဖြင့် ရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း တောင်ကိုရီးယား ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ တစ်ယောက်ရှိခဲ့ပြီး အယောက် ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ စာသင်ကျောင်းတချို့ကိုလဲ ယာယီပိတ်ထားရပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေပိုဆိုးလာနိုင်ပါတယ်"ဟု တောင်ကိုရီးယား ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် ဒေသခံဦးရေ ၁၀၀ ကျော်ကို ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြားက ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက တွေ့ဆုံမှုအစဉ်အလာမှာ အသာရထားတဲ့ ဂျာမနီအမျိုးသမီးအသင်းနဲ့ ပါရာဂွေးအမျိုးသမီးအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



တနင်္ဂနွေနေ့ညမှာလဲ အမျိုးသမီးယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲနဲ့ အမျိုးသမီးကိုပါအမေရိကဖလားအုပ်စုပွဲစဉ်တွေ ကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ အမျိုးသမီးယူရိုပြိုင်ပွဲကတော့ ရှုံးထွက်အဆင့်ပွဲစဉ်တွေဖြစ်နေတဲ့အပြင် ထိပ်တိုက်တွေ့ဆုံနေတဲ့ အသင်းတွေကလဲ စုဖွဲ့မှုအားကောင်းတဲ့ အသင်းတွေဖြစ်နေလို့ အကြိတ်အနယ်ရှိနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ ပြိုင်ပွဲဝင်အသင်းအများစုက ဒဏ်ရာရကစားသမားနည်းပါးနေတာကြောင့် ရွေးချယ်တဲ့အခါ သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က အမျိုးသမီးယူရိုပြိုင်ပွဲမှာတော့ ရမှတ်လိုအပ်ချက်ရှိတဲ့ အသင်းတွေ ရှုံးပွဲကြုံခဲ့တာကိုကြည့်ရင် ပရိသတ်တွေ မျှော်လင့်ထားတဲ့ အသင်းတွေနိုင်ပွဲမရခဲ့ဘူးလို့ ဆိုရမှာပါ။ အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲကတော့ အုပ်စုပွဲစဉ်တွေကစားနေတာဖြစ်ပေမဲ့ အခုပွဲကို အနိုင်ရရင်နောက်တစ်ဆင့်တက်ရောက်ဖို့ သေချာနေတဲ့အသင်းကိုသာ ဦးစားပေးရွေးချယ်ရမှာဖြစ်တာကြောင့် တနင်္ဂနွေနေ့ညမှာ တွေ့ဆုံမှုအစဉ်အလာမှာ အသာရထားတဲ့အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

**ဂျာမနီအမျိုးသမီးအသင်းကို ရွေးချယ်ရမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ အမျိုးသမီးယူရိုပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်မှာ အကြိုက်တွေ့တာကတော့ ပြင်သစ်အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၂၄ ခုနှစ် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်မှာဖြစ်ပြီး ပြင်သစ်အသင်းက နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဂျာမနီအမျိုးသမီးအသင်းဟာ လက်ရှိကမ္ဘာ့အဆင့် (၃) မှာ ရပ်တည်နေတဲ့အသင်းဖြစ်သလို ဥရောပအဆင့်သတ်မှတ်ချက်မှာလဲ ပြင်သစ်အသင်းထက် သာနေတာဖြစ်ပါတယ်။ ပြင်သစ်အမျိုးသမီးအသင်းကတော့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် (၁၀) မှာသာ ရှိနေတာဖြစ်ပြီး သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ကိုးကြိမ်မှာလဲ ဂျာမနီအသင်းက ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အသာရခဲ့တာကိုတွေ့ရမှာပါ။ ပြင်သစ်အသင်းဟာ အခုပြိုင်ပွဲအုပ်စု (D) မှာ အင်္ဂလန်အသင်း၊ နယ်သာလန်အသင်း၊ ဝေးလ်အသင်းတို့နဲ့ ကစားခဲ့ရတာကြောင့် ပွဲကျပ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းကိုတော့ ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူးကာတိုတို၊ ဘာတီမိုး၊ မာဂျရီတို့လို ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာကြောင့် စုဖွဲ့မှုကောင်းနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ လက်ရှိချန်ပီယံ အင်္ဂလန်အသင်းနဲ့ ကစားခဲ့ရပေမဲ့ နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ အုပ်စုဒုတိယပွဲမှာလဲ ဝေးလ်အသင်းနဲ့ ကစားခဲ့ရတာကြောင့် အဘက်ဘက်က သာလွန်မှုရခဲ့ပြီး လေးဂိုးတစ်ဂိုးနဲ့ဂိုးပြတ်နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုနောက်ဆုံးပွဲမှာလဲ ရမှတ်လိုအပ်နေတဲ့ နယ်သာလန်အသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ ထိရောက်ဂိုးပေါက်ခြိမ်းခြောက်မှု (၁၀)ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး သွင်းဂိုးငါးဂိုးရရှိခဲ့ပေမဲ့ နှစ်ဂိုးပြန်ပေးရလို့ ငါးဂိုးနှစ်ဂိုးနဲ့ နိုင်ပွဲဆက်ခဲ့တာကိုတွေ့ရမှာပါ။ အုပ်စုပွဲမှာတော့ ပြင်သစ်အသင်းဟာ အင်္ဂလန်အသင်းနဲ့ပွဲစဉ်ကလွဲရင် ကျန်နှစ်ပွဲစလုံးတိုက်စစ်အားပြုကစားနိုင်ခဲ့လို့ စုစုပေါင်း ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ခံစစ်ပိုင်းကတော့ ပွဲတိုင်းပေးဂိုးရှိခဲ့တာကို သတိပြုရမှာပါ။ ပြင်သစ်အသင်းဟာ နည်းပြဘွန်နာဒီလက်အောက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် နောက်ပိုင်းကစားခဲ့တဲ့ပြိုင်ပွဲစုံ ၁၁ ပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းကလဲ ၁၁ ပွဲလုံး ဂိုးရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာတော့ ပြိုင်ပွဲစခဲ့တဲ့ ၁၉၈၄ ခုနှစ်ကစပြီး ၁၉၉၅ ခုနှစ်ထိ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ၁၉၉၇ ခုနှစ်ရောက်ရှိတဲ့အချိန်မှာ ပထမဆုံး ခြေစစ်ပွဲအောင်မြင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကစားပုံတိုးတက်လာတာကြောင့် ၂၀၀၉ ခုနှစ်မှာ ကွာတားဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ ၂၀၂၂ ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ထိ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ပြင်သစ်အသင်းဟာ အသင်းလိုက်ကစားအားကောင်းနေပေမဲ့ ယူရိုပြိုင်ပွဲသမိုင်းမှာ ဆုဖလားရယူနိုင်ခြင်းမရှိသေးဘဲ ဂျာမနီအသင်းနဲ့ယှဉ်ရင်အတွေ့အကြုံပိုင်း အားနည်းချက်ရှိနေတာဖြစ်ပါတယ်။

ဂျာမနီအသင်းဟာ ယူရိုပြိုင်ပွဲအုပ်စု (C) မှာ ဆွီဒင်အသင်း၊ ပိုလန်အသင်း၊ ဒိန်းမတ်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ဥရောပထိပ်သီး ကလပ်အသင်းတွေက ကစားသမားတွေနဲ့ ဖွဲ့စည်းထားသလို တိုက်စစ်ပိုင်းမှာလဲ ကလာရာဘူးလ်၊ ရှက်ဟူးလာ၊ ဂျူလီဘရန်း၊ ဇီကာရီတို့လိုတိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားတာကြောင့် ပြင်သစ်အသင်းနဲ့ယှဉ်ရင် စုဖွဲ့မှုပိုင်းတူညီနေတယ်လို့ဆိုရမှာပါ။ အခုပြိုင်ပွဲမှာတော့ နည်းပြ ဝူအက်ခ်က ၄-၂-၃-၁ ကစားကွက်ကိုသာ အထိုင်ချကစားနေတာဖြစ်ပြီး ဒီကစားကွက်မှာ ခံစစ်၊ တိုက်စစ်အားနည်းချက်မရှိပေမဲ့ ကစားသမားတွေ ခပ်ကြမ်းကြမ်းကစားနေမှုက မလိုအပ်ဘဲ အဝါကတ်၊ အနီကတ်တွေ ခွင့်ပြုပေးနေရတာကိုပြင်ဆင်နိုင်မှ ပြင်သစ်အသင်းကို နိုင်ပွဲရဖို့ဖြစ်နိုင်မှာပါ။ ဂျာမနီအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ ပိုလန်အသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့ပြီး ဂိုးပေါက်ထိရောက်မှုခြောက်ကြိမ်မှာ နှစ်ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ ပိုလန်အသင်းကတော့ ပြိုင်ဘက်ကို ထိရောက်တဲ့ ကန်သွင်းမှုနှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး နှစ်ဂိုးဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့တာကို တွေ့ရမှာပါ။ အုပ်စုဒုတိယပွဲမှာ ရမှတ်လိုအပ်နေတဲ့ ဒိန်းမတ်နဲ့ကစားရတာကြောင့် အပြန်အလှန်ဖိအားပေးမှုတွေခံရပေမဲ့ ဘောလုံးပိုင်ဆိုင်မှုကတော့ ၇၂ ရာခိုင်နှုန်းထိ အသာရခဲ့ပြီး ပွဲချိန် ၅၆ မိနစ်နဲ့ ၆၆ မိနစ်မှာ သွင်းဂိုးနှစ်ဂိုးရခဲ့လို့ နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။ တတိယပွဲစဉ်မှာတော့ အုပ်စုဗိုလ်အတွက် ဆွီဒင်အသင်းနဲ့ ကစားခဲ့ရပြီး ဆွီဒင်အသင်းကို ပွဲအစခုနစ်မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့ တိုက်စစ်ကိုထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ပြစ်ဒဏ်ကျူးလွန်မှုတွေများခဲ့ကာ ကစားသမားတစ်ယောက်အနီကတ်နဲ့ ထုတ်ပယ်ခံရတာကြောင့် လေးဂိုးတစ်ဂိုးနဲ့ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အုပ်စုပွဲစဉ်မှာ သူတို့အသင်းဟာ နည်းစနစ်ပိုင်းလိုသလို ပြောင်းလဲကစားနိုင်ပေမဲ့ ကွင်းလယ်အဖျက်ကစားသမားတွေ ပြိုင်ဘက်ကို ထိန်းချုပ်ရာမှာ အားနည်းချက်ရှိနေပြီး ပြစ်ဒဏ်ကျူးလွန်မှုတွေများနေတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် အခုပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ ပြင်သစ်အသင်းကို ပြစ်ဒဏ်ကျူးလွန်မှုတွေများခဲ့ရင် ရလဒ်ကောင်းဖို့ခက်နိုင်လို့ နည်းပြဝူအက်ခ်အနေနဲ့ အကောင်းဆုံးပြင်ဆင်လာမှာ သေချာပါတယ်။ ဒါ့ပြင် ဂျာမနီအသင်းဟာ ပြီးခဲ့တဲ့ နေးရှင်းလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာပြင်သစ်ကိုရှုံးခဲ့လို့ဗိုလ်လုပွဲနဲ့ လွဲခဲ့ရတာကြောင့် အဲဒီပွဲစဉ်ကအမှားကို အကောင်းဆုံး ပြန်လည်ပြင်ဆင်မှာသေချာပြီး ပြန်လည်အနိုင်ယူဖို့ အစွမ်းကုန်ကြိုးစားလာမှာဖြစ်လို့ အခုပွဲမှာအတွေ့အကြုံနဲ့ အစဉ်အလာပိုင်းမှာ အသာရထားတဲ့ ဂျာမနီအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ပြင်သစ်အမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပြင်သစ် | ၅ | - | ၀ | ဘယ်လ်ဂျီယံ |
| ပြင်သစ် | ၃ | - | ၂ | ဘရာဇီး |
| ပြင်သစ် | ၂ | - | ၁ | အင်္ဂလန် |
| ပြင်သစ် | ၂ | - | ၁ | ဝေးလ် |
| နယ်သာလန် | ၂ | - | ၅ | ပြင်သစ် |

**ဂျာမနီအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၄ | - | ၀ | နယ်သာလန် |
| ဩစတြီးယား | ၀ | - | ၆ | ဂျာမနီ |
| ဂျာမနီ | ၂ | - | ၀ | ပိုလန် |
| ဂျာမနီ | ၂ | - | ၁ | ဒိန်းမတ် |
| ဆွီဒင် | ၄ | - | ၁ | ဂျာမနီ |

**ပါရာဂွေးအမျိုးသမီးအသင်း ရလဒ်ကောင်းမှာပါ**

အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲအုပ်စုအဆင့်မှာ အကြိုက်တွေ့တာကတော့ ကိုလံဘီယာအမျိုးသမီးအသင်းနဲ့ ပါရာဂွေးအမျိုးသမီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အခုပြိုင်ပွဲအုပ်စု (B) မှာ ဘရာဇီးအမျိုးသမီးအသင်း၊ ဗင်နီဇွဲလားအမျိုးသမီးအသင်း၊ ဘိုလီဗီးယားအမျိုးသမီးအသင်းတို့နဲ့ တွေ့ဆုံနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ ဥရောပကလပ်တွေမှာ ကစားနေတဲ့ ကစားသမားတွေပါဝင်ပြီး တိုက်စစ်ပိုင်းမှာ ချဲလ်ဆီးအသင်းက ရာမီးယက်ဇ်၊ ရီးရဲလ်မက်ဒရစ်က လင်ဒါတို့လို ကစားသမားတွေကို ပိုင်ဆိုင်ထားတာကို တွေ့ရမှာပါ။ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ ကိုလံဘီယာအသင်းဟာ ဗင်နီဇွဲလားအသင်းနဲ့ တွေ့ခဲ့တာကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့ပေမဲ့ တိုက်စစ်မှူးဂိုးရဖို့ ခက်ခဲခဲ့ပြီး ဂိုးမရှိသရေရလဒ်နဲ့သာ ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့် (၁၈) မှာ ရပ်တည်နေပေမဲ့ ကိုပါအမေရိကဖလားသမိုင်းမှာ ၁၉၉၁ ခုနှစ်နဲ့ ၁၉၉၅ ခုနှစ်ပြိုင်ပွဲတွေမှာ ဝင်မကစားခဲ့ပေမဲ့ နောက်ပိုင်းပြိုင်ပွဲတွေမှာတော့ အမြင့်ဆုံး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ဗိုလ်လုပွဲသုံးကြိမ်တက်ရောက်နိုင်ခဲ့တာကို သတိပြုရမှာပါ။

ပါရာဂွေးအမျိုးသမီးအသင်းဟာ အခုပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံထက်မြက်နေသလို တိုက်စစ်ပိုင်းကလဲ အုပ်စုအဖွင့်ပွဲစဉ်မှာ လေးဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဘိုလီဗီးယားအသင်းနဲ့ ကစားရတာကြောင့် အဘက်ဘက်က အသာရခဲ့ပြီး တိုက်စစ်မှူး မာတီနက်ဇ်က သုံးဂိုး၊ တိုက်စစ်မှူးချမ်မိုရိုက တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ လေးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပါတယ်။ ပါရာဂွေးအသင်းကလဲ စပိန်ကလပ်လီဗန်တေးအသင်းက တိုက်စစ်မှူးတွေဖြစ်တဲ့ ချမ်မိုရိုနဲ့မာတီနက်ဇ်တို့အတွဲကို အဓိကအသုံးပြုနေတာကြောင့် တိုက်စစ်ပိုင်းချိတ်ဆက်မှုကောင်းနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ ကိုလံဘီယာအသင်းနဲ့ယှဉ်ရင် ကစားသမားစုဖွဲ့မှုအားနည်းချက်ရှိပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ကိုလံဘီယာအသင်းထက် သာနေပါတယ်။ အခုပွဲစဉ်မှာ ကိုလံဘီယာအသင်းကို အနည်းဆုံး သရေတစ်မှတ်ရယူနိုင်ခဲ့မယ်ဆိုရင် ပါရာဂွေးအသင်းနောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရှိမှာဖြစ်လို့ ကိုလံဘီယာအသင်းကို ထိန်းချုပ်ကစားဖို့ ပြင်ဆင်လာမှာသေချာပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ ပါရာဂွေးက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး လက်ရှိတိုက်စစ်ပိုင်းကလဲ ပါရာဂွေးအသင်းအသာရနေတာကြောင့် ပါရာဂွေးအသင်းပဲရလဒ်ကောင်းမှာပါ။

**ကိုလံဘီယာအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တောင်ကိုရီးယား | ၀ | - | ၁ | ကိုလံဘီယာ |
| တောင်ကိုရီးယား | ၁ | - | ၁ | ကိုလံဘီယာ |
| မက္ကဆီကို | ၀ | - | ၀ | ကိုလံဘီယာ |
| မက္ကဆီကို | ၁ | - | ၀ | ကိုလံဘီယာ |
| ဗင်နီဇွဲလား | ၀ | - | ၀ | ကိုလံဘီယာ |

**ပါရာဂွေးအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပါရာဂွေး | ၁ | - | ၂ | ဥရုဂွေး |
| ပါရာဂွေး | ၀ | - | ၁ | ဥရုဂွေး |
| ပါရာဂွေး | ၀ | - | ၀ | အီကွေဒေါ |
| ပါရာဂွေး | ၂ | - | ၀ | အီကွေဒေါ |
| ဘိုလီဗီးယား | ၀ | - | ၄ | ပါရာဂွေး |







## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စဥ့်ကူးမြို့နယ်၊ ရေပြာအိုင်ကျေးရွာနေ ဦးကျောက်ခဲ+ ဒေါ်မြင့်ကြည် (ခ) ဒေါ်ညွန့်ကြည်တို့၏သမီး မဇာဇာထက် (ခ) မထက်(၉/ရမသ(နိုင်)၂၆၅၆၃၁)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကျောက်ခဲ(၉/လဝန(နိုင်)၁၆၆၃၆၅)**

**ဒေါ်မြင့်ကြည် (ခ) ဒေါ်ညွန့်ကြည်(၉/ရမသ(နိုင်)၂၇၀၆၂၄)**

## သမီးအဖြစ် အမွေပြတ်စွန့်လွှတ်ခြင်း ပြန်လည်ရုတ်သိမ်း

၃၀-၈-၂၀၂၄ ရတနာပုံသတင်းစာ စာမျက်နှာ-၃၁ မှ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာနေ ဦးကျော်တင် + ဒေါ်ရီမြင့် တို့၏သမီး မခင်ဆွေကျော် (ခ) မခင်ဆွေဆွေကျော် (၉/ပသက(နိုင်)၁၀၈၆၀၀)အား သမီးအဖြစ်မှ အမွေပြန်စွန့်လွှတ်ခြင်းကြော်ငြာအား ယနေ့မှစ၍ ပြန်လည်ရုတ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်တင်(၉/ပသက(နိုင်)၀၉၀၅၅၄)**

**ဒေါ်ရီမြင့်(၉/ပသက(နိုင်)၀၉၀၅၅၂)**

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နေ မကျန်ရွှေဖိန်း (ဘ) ဦးကျန်ကွေချန် (၁၃/လရန(နိုင်)၀၅၈၂၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၆၀၄၈၈၈၀၄

### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်နေ မောင်မင်းသူ (ဘ) လွင်ဖာ (ခ) ဦးကျော်ဝင်း(၉/အမဇ(နိုင်)၀၄၁၄၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH-281968)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၇၆၈၈၈၈၆

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အရှေ့ရပ်ကွက်နေ ဒေါ်စိုးစိုး (ဘ) ဦးညီမောင်(၁၃/မမတ(နိုင်)၀၀၀၆၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-498387)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၁၈၈၅၅၁

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၉၀၊ ၃၃ လမ်း၊ ဒေးဝန်းအရှေ့ရပ်နေ ဦးကြည်စိုး(၅/ကသန(နိုင်)၀၉၂၀၇၁) + ဒေါ်စန်းစန်းထွေး(၅/ကသန(နိုင်)၀၃၉၈၀၈)တို့၏သား မောင်မင်းသူထိုက်(၅/ကသန(နိုင်)၀၉၂၁၂၆)သည် မိဘတို့၏သွန်သင်ဆုံးမပြောဆိုမှုကို အကြိမ်ကြိမ်ငြင်းဆန်ဆန့်ကျင်ပါသဖြင့် မိဘနှစ်ပါးမှ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကြည်စိုး၊ ဒေါ်စန်းစန်းထွေး**

## ဦးအောင်နိုင်ဝင်း (ခ) အတီ အသက် (၅၆)နှစ်

မန္တလေးမြို့၊ ၂၉ လမ်း၊ ၈၀ x ၈၁ လမ်းကြားနေ (ဦးစိန်ဝင်း + ဒေါ်မြမြသိန်း) တို့၏သား ဦးငွေအောင် + ဒေါ်စုစုဝင်း၊ ဦးဝင်းမြင့် + ဒေါ်စန်းစန်းဝင်း၊ ဒေါ်နီနီဝင်း တို့၏မောင်၊ မဝါဝါလှိုင်၊ မထက်ထက်အောင်တို့၏ဖခင် ဒေါ်အေးအေးခိုင်(မိုးညှင်း)၏ ခင်ပွန်းသည် (၁၈-၇-၂၀၂၅)ရက်နေ့၊ သောကြာနေ့ နံနက်(၀၀:၂၀)နာရီတွင် ရန်ကုန်မြို့၊ အာယုဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် (၂၀-၇-၂၀၂၅)ရက်နေ့၊ တနင်္ဂနွေနေ့၊ နံနက် (၁၁:၀၀)နာရီတွင် လမ်း ၈၀၊ ယူနန်ဘုံကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့၊ လက်ပံရွာနေ ဦးဘကြိုင် (ဘ) ဦးတွေဒါဘိုဒင်(၉/ကဆန(နိုင်)၁၇၀၉၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-698868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၄၈၈၈၁၆

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(နှင်းဆီ)ခန်းတွင် ပညာသင်ကြားနေသော မဝင်းရတနာဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆန်းနိုင်ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းနိုင်(၉/ကဆန(နိုင်)၁၂၅၈၆၀)**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

❖ မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြခိုင်ကြဖို့ လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေထိုင်ပြုမူရေး စတာတွေနဲ့ ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေး သုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီး တွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင်ပြုလုပ်သော "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ" ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုဗီဒီယိုမိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား**

စာမျက်နှာ- ၁၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုစဉ်။

ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း
ပုသိမ်သူ G & G Store ဆိုင်များ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု